**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၁၇)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## ရွေးကောက်ပွဲကို အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပြီး နိုင်ငံ့ပုံရိပ်ကိုမြှင့်တင်ပေးရမည်၊ နိုင်ငံရေးလမ်းကြောင်းဖြောင့်ဖြူးအောင်လုပ်ဆောင်ရမည်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင်၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ★



# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၃ ရက်)

## နိုင်ငံ့အကျိုးပြု မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးသောမိတ်ဝတ်မပျက်ဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းကိုလည်း တန်ဖိုးထားဆောင်ရွက်လျက်ရှိသည်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုလျက်ရှိသည်။ အဆိုပါပူးပေါင်းဆောင်ရွက်မှုမှာ အခြားသောမဲခေါင်နှင့်ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မှုယန္တရားများအနက် အောင်မြင်ဆုံးယန္တရားတစ်ခုဖြစ်ပြီး နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေလျက်ရှိသည်။

မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိပြည်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေရန်ကိုးနှစ်တာကာလအတွင်း အဖွဲ့ဝင်နိုင်ငံများမှ စီမံကိန်းပေါင်း ၉၈၄ ခုကိုပံ့ပိုးကူညီခဲ့သည်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် အိမ်နီးချင်းကောင်းများနှင့် ယုံကြည်အားထားရသော မိတ်ဖက်များကိုထိန်းသိမ်းထားရေးဟူသည့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဘုံရည်မှန်းချက်ကို ဖော်ပြလျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသို့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုယန္တရားအောက်မှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၃ သန်းထောက်ပံ့ပေးအပ်ခဲ့ပြီး ဩဂုတ်လ ၅ ရက်တွင် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းများအတွက် မြန်မာနိုင်ငံသို့အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်းခန့်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဩဂုတ်လ ၅ ရက်နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ကျင်းပခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မန္တလေးငလျင်လှုပ်ခတ်ခဲ့သည့်ဒေသများနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များအတွက် အရေးပေါ်ကူညီမှုယွမ် ၁ ဒသမ ၁ ဘီလီယံအပါအဝင် လူသားချင်းစာနာထောက်ထားမှုအကူအညီများထောက်ပံ့ပေးခြင်းကို မှတ်တမ်းတင်သည်။ မြန်မာနိုင်ငံသည်မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစပျိုးသည့်နေရာဖြစ်ပြီး ၂၀၁၈ ခုနှစ်မှစတင်၍ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် စီမံကိန်းပေါင်း ၁၃၂ ခုရရှိခဲ့ရာ မဲခေါင်နိုင်ငံများအားလုံးတွင် အရေအတွက်အများဆုံးရရှိခြင်းဖြစ်သည်ဟုဆိုနိုင်သည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်း ၁၄ ခုသည် မြန်မာနိုင်ငံရှိကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကိုဆက်လက်၍ အထောက်အပံ့ပြုမည်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တရုတ်-မြန်မာသံတမန်ဆက်ဆံရေးတည်ထောင်ခြင်း (၇၅)နှစ်မြောက်အထိမ်းအမှတ်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအစဉ်နှင့်ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုအစီအစဉ်တို့ကိုအတူတကွအကောင်အထည်ဖော်ရန်ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံနှင့် လက်တွဲ၍ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးများရရှိစေမည့် မျှတသောအနာဂတ်နှင့်အတူ တရုတ်-မြန်မာအသိုက်အဝန်းတည်ဆောက်ရေးကိုမြှင့်တင်ရန်ဆန္ဒရှိကြောင်းသိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့်မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်း ၁၄ ခုကို စိုက်ပျိုးရေးနည်းပညာ၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုဖလှယ်မှု၊ ဥပဒေဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကုန်သွယ်ရေကြောင်းသွားလာမှု စသည့်နယ်ပယ်များ၌ ဝန်ကြီးဌာနကိုးခုက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ်၏စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင်ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်နေသည့်နိုင်ငံဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဘက်စုံထောင့်စုံကဏ္ဍစုံတွင်ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေး၌ အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကိုစဉ်ဆက်မပြတ်မြှင့်တင်ရေးဦးတည်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍကိုလည်း အလေးထားမြှင့်တင်လျက်ရှိရာ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅)သည် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မိတ္ထီလာမြို့နယ်၌ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

မိတ္ထီလာ ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၌ ဩဂုတ်လ ၁၁ ရက်တွင် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၇/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မန္တလေးလျှပ်စစ်ခတ်အားပေးရေးကော်ပိုရေးရှင်းမှ ဒါရိုက်တာ အဖွဲ့ဝင်-၂ ဦးထွန်းထွန်းဆွေက မိတ္ထီလာခရိုင်အတွင်းရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော စာရင်းကိုင်-၄ ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း ရုံးလုပ်ငန်းများကျွမ်းကျင်မှုရှိစေရန်ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မန္တလေးလျှပ်စစ်ခတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ(ဘဏ္ဍာ)၊ လက်ထောက်အထွေထွေမန်နေဂျာ(ဘဏ္ဍာ)၊ မိတ္ထီလာခရိုင် လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၄၆ ဦးအား သင်ကြားပို့ချကြောင်းသိရသည်။

(၆၀၂)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၃-၈-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၁၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်မြို့၌ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကျင်းပ



ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီမှ ကြီးမှူးကျင်းပသော၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ဩဂုတ်လ ၁၂ ရက်တွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာ ကွန်ဗင်းရှင်းစင်တာ(MCC) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ လူငယ်ရေးရာ ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်း ကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အခမ်းအနားသို့ တက်ရောက်လာကြသူများက အလေးပြုကြပြီး လူငယ်များက လူငယ်စွမ်းရည်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်မှ ပေးပို့သည့် သဝဏ်လွှာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာ ဝန်ကြီး ဦးဌေးအောင်က ဖတ်ကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းကို Video Clip ဖြင့် ပြသပြီး လူငယ်ဖိုရမ်တွင် အုပ်စုငါးခု၏ ဆွေးနွေးချက်အနှစ်ချုပ်ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ထူးချွန်လူငယ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ထူးချွန်လူငယ်များက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မှတ်တမ်းဓာတ်ပုံပြခန်းများ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**နေကိုထိုက်**

# ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ရှစ်သောင်းကျော်တင်ပို့နိုင်



ရန်ကုန် ဩဂုတ် ၁၂

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် လေးလတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ရှစ်သောင်းကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

"ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာကာလအတွင်း ငါးမက်ထရစ်တန် ၈၁၀၆၄ ဒသမ ၇၂၁ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၀၇၅ သန်း ရရှိခဲ့ပါတယ် "ဟု ၎င်းကပြောသည်။

ပြည်ပသို့ငါးတင်ပို့ရာတွင် ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ လေးလတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုအနေဖြင့် ငါးမက်ထရစ်တန် ၄၅၉၃၉ ဒသမ ၅ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ဝ၆၇ သန်း ရရှိပြီး နယ်စပ်ကုန်သွယ်မှုအနေဖြင့် ငါးမက်ထရစ်တန် ၃၅၁၂၅ ဒသမ ၂၂၁ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၀၀၈ သန်းရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်းငါးမက်ထရစ်တန် ၈၁၀၆၄ ဒသမ ၇၂၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၀၇၅ သန်းရရှိကြောင်း သိရသည်။

ပြည်တွင်းမှ ပြည်ပသို့ ငါးအပါအဝင် ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်လေးလတာကာလအတွင်း ရေထွက်ကုန်မက်ထရစ်တန် ၁၁၅၉၇၁ ဒသမ ၂၅၈ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

**စောယု**

# ပွင့်ဖြူမြို့နယ်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ကျောက်ဖရုံသီးများ အောင်မြင်ဖြစ်ထွန်း

ပွင့်ဖြူ ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မြေအောက်ရေကို အကျိုးရှိစွာအသုံးချပြီး မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေရရှိအောင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ကျောက်ဖရုံသီးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ပြောဆိုချက်အရ သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ စိုက်ပျိုးရေးအဆင်ပြေတဲ့အတွက် ဒေသခံတောင်သူအများစုက မိသားစုအပိုဝင်ငွေရရှိအောင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်ကြပါတယ်။ အဓိက စိုက်ပျိုးတဲ့သီးနှံတွေကတော့ ကျောက်ဖရုံ၊ ဘူး၊ ရွှေဖရုံ၊ ခရမ်းချဉ်၊ ခရမ်းစိမ်း၊ ခရမ်းညို၊ ပန်းမုန်လာ၊ မုန်လာဥဖြူ၊ ကြက်ဟင်းခါး၊ သခွား၊ ပိန်းဥ၊ အာလူး၊ ကြက်သွန်၊ ငရုတ်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ကိုက်လန်၊ ဆူးပုပ်နဲ့ ပဲလင်းမြွေသီးတို့ကို စိုက်ပျိုးကြပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံတွေ စိုက်ပျိုးရာမှာ ကျောက်ဖရုံသီးက အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းလည်းကောင်းတယ်" ဟု ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာမှ ဒေသခံတောင်သူတစ်ဦးကပြောသည်။

ဘူးနှင့်ကျောက်ဖရုံသည် တစ်နှစ်ပတ်လုံး အသီးသီးသောအပင်ဖြစ်ပြီး အကြီးမြန်သော နွယ်ပင်မျိုးလည်းဖြစ်၍ စနစ်တကျစိုက်ပျိုးပါက မိသားစုအတွက် နေ့စဉ်ဝင်ငွေရရှိသောသီးနှံများဖြစ်သည်။

ဘူးနှင့် ကျောက်ဖရုံစိုက်ပျိုးရာတွင် မြေအမျိုးအစားမရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပေါင်စနစ်ဖြင့် ကျင်းတူးကာ တစ်ကျင်းနှင့်တစ်ကျင်း သုံးပေခန့်ခွာ၍ မျိုးစေ့ချစိုက်ပျိုးနိုင်သည်။

ဘူးနှင့် ကျောက်ဖရုံသည် စိုက်ပျိုးပြီး ၁၀ ရက်ခန့်တွင် အပင်ပေါက်ကာ နွယ်တက်ရန်အတွက် ဝါးခြမ်းများဖြင့် စင်ထိုးပေးရန်လိုအပ်ပြီး နှစ်ရက်ခြား၊ သုံးရက်ခြားတစ်ကြိမ် ရေလောင်းပေးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး သုံးလအကြာတွင် ရောင်းတမ်းဝင် ဘူးသီးနှင့် ကျောက်ဖရုံသီးများကို လှိုင်လှိုင်ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်းစားသုံးမှုဖူလုံစေရုံသာမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ တောင်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

များသောအားဖြင့် ပရိဒေဝမီးလောင်ကျွမ်း၍ ငိုကြွေးကြရာတွင် ထိုသူတို့သည် သေသူနှင့် ဘယ်တော့မှတွေ့ဆုံကြရတော့မည်မဟုတ်ဟု တွေးမိခြင်းကြောင့် ဝမ်းနည်းပြီး ရှိုက်ကြီးတငင် ငိုကြွေးပူလောင်ကြခြင်းဖြစ်၏။ မိခင်၊ ဖခင်တို့နှင့်ပတ်သက်၍ ကျွန်ုပ်၌ ထိုသို့သောအတွေးမျိုး မပေါ်လာချေ။ ထိုအခါများ၌ ကျွန်ုပ်စဉ်းစားမိသည်ကား ငါ၏ မိခင်နှင့် ဖခင် (အထူးသဖြင့်မိခင်) သည် မည်သည့်နည်းနှင့်မျှ ယခုထက်ယုတ်ညံ့သောဘဝမျိုးသို့ မရောက်နိုင်။ ဤဘဝတွင်လည်း မိခင်ကား အသက် ၇၀ ကျော်၊ ဖခင်ကား အသက် ၈၀ ကျော်နေကြရပြီဖြစ်၍ သူတို့လည်း ကျေနပ်သင့်ပြီ။ ငါလည်း ကျေနပ်လောက်ပြီဟု ဆင်ခြင်မိသောအားဖြင့် အလွန်အမင်းပူလောင်စရာ ရှာမတွေ့သောကြောင့် မျက်ရည်ကြီးငယ် မကျခဲ့ခြင်းဖြစ်ပါသည်။ ဘော်ဘီနှင့် အုပ်ပေါင်းမူကား ၎င်းတို့၏သေရပုံမှာ ရင်နာဖွယ်ကောင်း၍ သနားမိသည့်အပြင် ဘယ်ဘဝသို့ ရောက်ရှာလေမည်မသိ၊ လက်ရှိဘဝထက်တိုးတက်ဖို့ လမ်းနည်းသည့်အတွက်ကြောင့် ကရုဏာစိတ်ဖြစ်ပေါ်သည်နှင့် မျက်ရည်ကျခဲ့မိခြင်းဖြစ်ပါသည်။

**တိုင်နီကလေး**

ဘော်ဘီသေရခြင်းမှာ ဝမ်းချူမိခြင်းကြောင့်မဟုတ်၊ အမြီးမှ အနာက အဆိပ်ဖြစ်ပြီး (Septic) အနာဝင်၍ သေခြင်းဖြစ်သည်ဟု နောက်တွင်မှ သိရပါသည်။ မစိုးကမူ တိုင်နီကြောင့် ဘော်ဘီသေရသည်ဟု (မိန်းမပီပီ) ယူဆသည်နှင့် ကျန်ရစ်သောတိုင်နီအပေါ်၌ မေတ္တာထားရှိဟန်မတူချေ။ ကျွန်ုပ်ကမူ ဘော်ဘီသေပြီးသည့်နောက်၌ တိုင်နီကို တိုး၍ဂရုစိုက်ပြီး တိုး၍ ကြင်နာလာခဲ့လေသည်။ ဘော်ဘီသိတတ်ခြင်းမှာ 'လူဝင်စား' ဖြစ်သောကြောင့်ဟု ကျွန်ုပ်ထင်မိရာ တိုင်နီမူကား ခွေးမျိုးထဲတွင် အသိတတ်ဆုံးသော ခွေးမျိုးဖြစ်သောကြောင့်ဟူ၍ ကျွန်ုပ်ယူဆ၏။ ကျွန်ုပ်အပေါ်၌ ချစ်ခင်တွယ်တာကြခြင်းမူကား (နှစ်ကောင်စလုံးအဖို့) ကျွန်ုပ်၏ ခွေးချစ်တတ်သောဝါသနာကြောင့်ဟူ၍ ထင်မြင်ပါသည်။ ဘော်ဘီသေသည့်နောက် တိုင်နီသည်လည်း (ကျွန်ုပ် အထူးစောင့်ရှောက်ပြုစုကျွေးမွေးထားသည့်အထဲမှာပင်) ချည့်နဲ့သောရောဂါစွဲကပ်လျက်ရှိလေပြီ။ ဤသည်မှာ ကျွန်ုပ်တို့၏ အပြုအစုညံ့သောကြောင့် မဟုတ်တန်ရာချေ။ မောင်နေဝင်း၌ (တိုင်နီ၏ ညီအစ်ကိုမောင်နှမခုနစ်ကောင်ရှိသည့်အနက်) ခွေးကလေး တစ်ကောင်ပြီးတစ်ကောင် သေကုန်ကြ၍ တိုင်နီသည် နောက်ဆုံးသောခွေးလေး ဖြစ်နေလေပြီ။ ထို့ကြောင့် ကျွန်ုပ်သည် တိုင်နီ၏ သက်ဆိုးရှည်ပုံမပေါ်သည့်အဖြစ်ကိုသိသည်နှင့် သူ့ကျန်းမာရေးအတွက် ထပ်ဆင့်ပြီး ကြိုးကြိုးစားစားဂရုစိုက်ပါသေး၏။ တိုင်နီနှင့်ပတ်သက်၍ ကျွန်ုပ်မမေ့နိုင်သော အခြင်းအရာတစ်ခုအဖြစ်နှင့်ကျန်ရစ်သည်မှာ တစ်နေ့သ၌ ကျွန်ုပ်သည် ဖျာပေါ်တွင်ခြေဆင်းလျက် ချက်ချင်းရောက်လာသော သတင်းစာတစ်စောင်ကို ခေတ္တမျှလှန်လှောဖတ်ရှုလျက်ရှိစဉ် တိုင်နီသည် ကျွန်ုပ်၏ခြေသလုံးနှစ်ဖက်အကြားသို့ ဝင်ဝပ်ကာ ကျွန်ုပ်၏ပေါင်ပေါ်၌ မေးတင်လျက် ကျွန်ုပ်၏မျက်နှာကို လှမ်းကြည့်နေ၏။ ဤသို့သောအနေအထားမှာ ပထမအကြိမ်ဖြစ်သော်လည်း တိုင်နီသည် ဤအနေအထားကို အလွန်နှစ်သက်ကြောင်း ကျွန်ုပ်ရိပ်မိ၏။ သို့ဖြစ်၍ ကျွန်ုပ်က အညောင်းခံပြီးခြေဆင်းထားရာ တိုင်နီသည် ကျွန်ုပ် မထမချင်းဝပ်နေ၏။ ဤအကြောင်းကို ရိပ်မိရာတွင် ကျွန်ုပ်သည် ခဏခဏခြေဆင်းထိုင်ပေး၍ ကျွန်ုပ်ထိုင်တိုင်း တိုင်နီက လာ၍ဝပ်၏။ နောက်ဆုံးတစ်နေ့၌ တိုင်နီသည် ကျွန်ုပ်၏ခြေသလုံးနှစ်ဖက်အကြား၌ပင်ဝပ်လျက် အသက်ထွက်သွားရှာလေတော့သည်။ ဤတစ်ချီတွင်လည်း ကျွန်ုပ် မျက်ရည်ကျခဲ့ရပါသေးသည်။

**"ဆရာဝန်များသည် မက်ဂီ၏ဦးနှောက်ကို ရန်ကုန်သို့ပို့၍ ခွဲစိတ်ကြည့်ရှုသည့်အခါ ခွေးရူးပိုး(Hydrophobia) တွေ့ရသည်ဟု အကြောင်းပြန်လိုက်လေသည်။ ကျွန်ုပ်တို့အိမ်သားသုံးယောက်သည် မြန်မာနည်းအရ(၁၀ နည်းထက်မနည်း) ကုသကြရသည့်အပြင် အနောက်တိုင်းနည်းအားဖြင့်လည်း အကြိမ်ပေါင်းများစွာ ဆေးထိုးကြရပါသည်။ ကျွန်ုပ်တို့မှာ သုံးနှစ်အတွင်း ခွေးရူးပြန်နိုင်သေးသည်ဟုပြောကြသောကြောင့် ခွေးတောက်ရွက်မစားဝံ့ဘဲ ရှောင်ကြရပေရာ သုံးနှစ်ကျော်လွန်သောအခါမှ စိတ်ချလက်ချ အသက်ရှူကြရပေတော့သည် . . ."**

**ကိုယ့်ခွေး ကိုယ့်ကိုက်**

ဘော်ဘီနှင့် တိုင်နီတို့အပြင် တခြားသောခွေးလေး (မောင်နှမ) နှစ်ကောင် မွေးဖူးပါသေးသည်။ ထိုစဉ်အခါ၌ အတူနေသောသား၊ သမီးမရှိသည့် ကျွန်ုပ်မှာ ခွေးမရှိလျှင် မနေတတ်သလောက်ဖြစ်သည်နှင့် ခွေးရှာရပါသေးသည်။ မောင်နေဝင်း၌ အယ်လ်ဇေးရှင်းမျိုးခွေးလေးများ ရှိပါသေးလျှင် ကျွန်ုပ်တောင်းယူဦးမည်ဖြစ်ရာ သူ၏ခွေးလေးခုနစ်ကောင်စလုံးမှာ သေကုန်ကြပြီဖြစ်၍ တခြားနေရာမှ တောင်းယူရသည်။ ကျွန်ုပ်သည် ဓားတန်းရပ်မှ ခွေးထီးလေးတစ်ကောင်ကို သဘောကျ၍ တောင်းကြည့်ရာ သူ့သခင်က အထီးချည်းမပေးနိုင်။ အမလေးတစ်ကောင်ပါတွဲယူရမည်ဟုပြောသောကြောင့် မောင်နှမတစ်စုံယူရ၏။ ခွေးချစ်တတ်သော ကျွန်ုပ်သည် နို့မခွဲတခွဲရှိနေသေးသော သူတို့နှစ်ကောင်ကို နွားနို့တိုက်၍ မွေးရ၏။ ခွေးထီးလေးမှာ နှုတ်သီးချွန်၍ နားရွက်ထောင်သောကြောင့် 'ကြွက်စုတ်' ဟု မှည့်ထားရာ (ဘော်ဘီမှာ နှုတ်သီးပုတိုနှင့် နားရွက်ကုပ်ဖြစ်သည်။) ခွေးမလေးကိုမူ 'မက်ဂီ' ဟု မှည့်ထား၏။ တစ်နေ့သ၌ ကျွန်ုပ်သည် မင်းကွန်းဘက်သို့ ဥပုသ်ရက်ရှည်စောင့်ရန် သွား၍ ပြန်ရောက်လာရာတွင် ကြွက်စုတ်နှင့် မက်ဂီတို့ကိုခေါ်၍ နှုတ်ဆက်၏။ မက်ဂီသည် ကျွန်ုပ်အား 'ပလူးပလဲ' လုပ်ကာ နှုတ်ဆက်ပြီးနောက် ကျွန်ုပ်၏ဒူးကို ဆတ်ခနဲကိုက်လိုက်သဖြင့် သွေးအနည်းငယ်ထွက်လာ၏။ ကျွန်ုပ်သည် အလွန်အံ့သြစွာနှင့် မက်ဂီကို လှမ်းကြည့်လိုက်ရာ မက်ဂီ၏မျက်လုံးများမှာ ကျွန်ုပ်ကို သိသည့်လက္ခဏာမရှိဘဲ တစ်မျိုးတစ်မည်ဖြစ်နေ၏။ ကျွန်ုပ် မစဉ်းစားတတ်အောင်ဖြစ်နေစဉ်တွင် မစိုးနှင့် ခယ်မမိသေးတို့က သူတို့ကိုလည်း ယမန်နေ့က ကိုက်သေးကြောင်း ပြောပြလေသည်။ ဤတွင် ကျွန်ုပ်သည် မက်ဂီကို ခေါ်ကြည့်ရာ မက်ဂီသည် ကျွန်ုပ်ကို သိဟန်မရှိဘဲ မျက်လုံးများ တစ်မျိုးတစ်မည်ဖြစ်နေခြင်းကို တွေ့ရ၏။ ထိုအခါမှ ကျွန်ုပ်သည် မက်ဂီရူးကြောင်းသိ၍ တောင်းကြီးတစ်ခုနှင့် မက်ဂီကိုအုပ်ထားပြီး (ဆေးရုံစာရေးကြီး) တူဝင်းမောင်ထံသို့ အကြောင်းကြားလိုက်ရသည်။ ထိုအတောအတွင်း ကျွန်ုပ်သည် မက်ဂီအား (တောင်းထဲ၌) အစာကျွေးခြင်း၊ ရေတိုက်ခြင်းအားဖြင့် စမ်းကြည့်ရာ အစာလည်းမစား၊ ရေလည်းမသောက်သဖြင့် 'ရူး' ခြင်းကား ထင်ရှားလေပြီ။

**ကျွန်ုပ်၏ အဆုံးအဖြတ်**

ဘာသာရေးကို လေးစားသည်ဆိုသည့် တခြားသောဗုဒ္ဓဘာသာဝင်များသည် ဤသို့သောအခြေအနေ၌ မည်ကဲ့သို့ပြုလုပ်ကြမည် မပြောတတ်ချေ။ ကျွန်ုပ် စဉ်းစားသည်ကား ခွေးဟူသည်မှာ ရူးသည်ဆိုလျှင် ကုသ၍ရစကောင်းသည်မရှိ၊ မသေမီအတွင်း တခြားလူများကို အနှောင့်အယှက်ပေးဖို့သာ ရှိတော့သည်။ တချို့ကမူ ယင်းသို့ဆိုလျှင် တောင်းထဲတွင် အုပ်ထားပါက တော်လောက်ပြီမဟုတ်လောဟု ပြောကောင်းပြောကြပေလိမ့်မည်။ ကျွန်ုပ်မူကား (တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း) ဤကိစ္စမျိုးတွင် အနောက်တိုင်းအယူအဆကို သဘောကျသည့်အပြင် ဗုဒ္ဓဟောတော်မူသည့် စေတနာအကြောင်းကို ကျွန်ုပ်စဉ်းစားပြီးဖြစ်သည့်အလျောက် ရဲရဲကြီးဆုံးဖြတ်နိုင်၍ ခံရမည်ဆိုလျှင် ခံဖို့အသင့်ရှိသည်။ (ခံရမည်ဟူ၍လည်း ဘယ်သူက ပြော၍မျှမယုံကြည်ပါ။) ကျွန်ုပ်သည် မက်ဂီအပေါ်၌ ဒေါသစိတ်အလျဉ်းမရှိ၊ ကရုဏာကြီးစွာထားလျက်ရှိပါသည်။ မက်ဂီကို အရှင်ထား၍လည်း မည်သည့်အကျိုးမျှ ကြည့်၍မမြင်ပါ။ သို့ဖြစ်၍ ဆေးရုံမှ ဝင်းမောင်က လွှတ်လိုက်သည့် လူတစ်ယောက်ရောက်လာသည့်အခါ ကျွန်ုပ်တို့သည် မကြည့်ရက်သည်နှင့် ရှောင်ဖယ်ပေးကြပြီး ထိုလူက အဆုံးစီရင်ပြီးနောက် ဂုန်နီအိတ်နှင့်ထည့်၍ ထမ်းယူသွားပါလေတော့သည်။ ဆရာဝန်များသည် မက်ဂီ၏ဦးနှောက်ကို ရန်ကုန်သို့ပို့၍ ခွဲစိတ်ကြည့်ရှုသည့်အခါ ခွေးရူးပိုး (Hydrophobia) တွေ့ရသည်ဟု အကြောင်းပြန်လိုက်လေသည်။ ကျွန်ုပ်တို့အိမ်သားသုံးယောက်သည် မြန်မာနည်းအရ (၁၀ နည်းထက်မနည်း) ကုသကြရသည့်အပြင် အနောက်တိုင်းနည်းအားဖြင့်လည်း အကြိမ်ပေါင်းများစွာ ဆေးထိုးကြရပါသည်။ ကျွန်ုပ်တို့မှာ သုံးနှစ်အတွင်း ခွေးရူးပြန်နိုင်သေးသည်ဟုပြောကြသောကြောင့် ခွေးတောက်ရွက်မစားဝံ့ဘဲ ရှောင်ကြရပေရာ သုံးနှစ်ကျော်လွန်သောအခါမှ စိတ်ချလက်ချအသက်ရှူကြရပေတော့သည်။

**ကြွက်စုတ်ကလေး**

၁၉၅၀ ပြည့်နှစ် ဒီဇင်ဘာလ၌ ကျွန်ုပ်တို့သည် ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်ကြရာတွင် ကြွက်စုတ်အတွက် အခက်အခဲတစ်ခုဖြစ်နေ၏။ ဘော်ဘီ သို့မဟုတ် တိုင်နီဖြစ်ခဲ့လျှင် ခွေးခေါ်သွား၍ မဖြစ်နိုင်ဆိုပါက အောက်ပြည်သို့မသွားဘဲ နေလျှင်သာနေလိမ့်မည်။ ဤနှစ်ကောင်ကို ခွဲ၍ထားခဲ့လိမ့်မည်မဟုတ်ချေ။ ကြွက်စုတ်မူကား ထိုမျှလောက် သံယောဇဉ်ငြိတွယ်ခြင်း မရှိသေးချေ။ သို့နှင့်လည်း ကျွန်ုပ်အဖို့ရာ၌ ပြဿနာကြီးတစ်ခုဖြစ်နေ၏။ နောက်ဆုံး၌ ကြွက်စုတ်၏သခင်နှင့် ၎င်း၏မိခင်တို့ကို သတိရ၍ ဓားတန်းရပ်၌ရှိသော သူ့သခင်အား စုံစမ်းကြည့်ရာ ကြွက်စုတ်ကို ပြန်၍ယူပါမည်ဟုပြောသည်နှင့် ပြန်ပို့လိုက်ရသည်။ ပြန်ပို့ပြီးနောက် ကျွန်ုပ်သည် ရန်ကုန်သို့ ရုတ်တရက်မသွားဖြစ်သေးသည်နှင့် မစိုးနှင့်ကျွန်ုပ်သည် ကြွက်စုတ်တို့ရှိရာသို့ နေ့စဉ် ထမင်း၊ ဟင်းနှင့်စားစရာများ တစ်လှည့်စီပို့ကြပါသေးသည်။ ဘော်ဘီနှင့် တိုင်နီတို့ဆိုလျှင် ဘယ်လိုများနေကြမည် မပြောတတ်ချေ။

**ဆက်လက်ဖော်ပြပါမည်။**

## ခေါင်လန်ဖူးမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် ကျန်းမာရေးအသိပညာပေးခြင်းဆောင်ရွက်

**ခေါင်လန်ဖူး ဩဂုတ် ၁၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုနှင့် ကျန်းမာရေးအသိပညာပေးခြင်းကို ဩဂုတ်လ ၁၁ ရက်က ခေါင်လန်ဖူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်စွာရှိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်ဆိုင်းနူးမိုင်က ကလေးများ သွားကျန်းမာရေးနှင့်ပတ်သက်၍ သွားတိုက်နည်းများကို လက်တွေ့သရုပ်ပြ သင်ကြားပေးသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်စွာရှိန်းနှင့် ဆရာမ ဒေါ်ဆိုင်းနူးမိုင်တို့က ဆေးရွက်ကြီး၊ ဆေးလိပ်အန္တရာယ်၊ မကူးစက်နိုင်သော (သွေးတိုး၊ ဆီးချို၊ နှလုံး) ရောဂါ၊ သွားကျန်းမာရေး၊ အစာအုပ်စုသုံးအုပ်စု၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် သန်ကောင်အကြောင်းတို့ကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများကို လက်ဆေးနည်းသရုပ်ပြသည်။

ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျန်းမာရေးဆရာ၊ ဆရာမများက အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား သွားနှင့်ခံတွင်းစစ်ဆေးပေးခြင်း၊ လက်သန့်ရှင်းရေးစစ်ဆေးပေးခြင်း၊ မျက်စိအမြင် စစ်ဆေးပေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းများပြုလုပ်ကြသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးဦးညိုလင်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပ




နေပြည်တော် ဩဂုတ် ၁၂

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotal Max ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရထူးချွန်လူငယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့်လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကုလသမဂ္ဂအဖွဲ့၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ချမှတ်ထားသည့်ဆောင်ပုဒ်မှာ **"လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့"** ( Local Youth Actions For The SDGs And Beyond ) ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်သည့်အခါတွင် လူသားအရင်းအမြစ်သည် အဓိကစွမ်းအားစုများဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ လျှောက်လှမ်းရာတွင် ယနေ့လူငယ်များ၏စွမ်းအားများနှင့်အဓိကအခန်းကဏ္ဍမှ ဦးဆောင်ပါဝင်စေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်း။

ယနေ့လူငယ်များသည် နိုင်ငံတော်၏အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်သလို အနာဂတ်နိုင်ငံတော်၏ အကောင်းအဆိုးသည်လည်း ယနေ့လူငယ်များ၏စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှုနှင့်တာဝန်ခံမှုတို့ အပေါ်မှီတည်နေသည့်အတွက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျပြုစုပျိုးထောင်ပေးခြင်းအားဖြင့် နိုင်ငံတော်၏အနာဂတ်ကို အကောင်းဆုံး ပုံဖော်ဖန်တီးနိုင်သည့်လူငယ်မောင်မယ်များဖြစ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr.Antonio Guterres က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ပေးပို့သည့်သဝဏ်လွှာကို မြန်မာနိုင်ငံလူငယ်ရေးရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ထူးချွန်ဆုရလူငယ်များအား ဂုဏ်ပြုဆုငွေများနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့နှင့် လူငယ်စကားဝိုင်းအတွက် အလှူငွေပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လက်ခံရယူသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း (Video Clip)ကို ပြသသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများက မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် အနာဂတ်လူငယ်များအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့်လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများကို ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဒေါ်ကြည်စင်ရွှေက Moderator အဖြစ်ဆောင်ရွက်ပြီး ပါဝင်ဆွေးနွေးသူများအနေဖြင့် ဦးကမ္ဘာထွန်း၊ မသိမ့်နေခြည်သက်ပိုင်၊ ဒေါ်စုစုဖြိုး၊ မရွှန်းလက်မိမိခိုင်နှင့် မသီရိထက်ဇော်တို့က ယဉ်ကျေးမှုအမွေအနှစ်နှင့်လူငယ်(Cultural Heritage and Youth)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများနှင့်နည်းပညာ(Environmental Challenges and Technology)နှင့် အရည်အသွေးပြည့်ဝသောပညာရေးမှသည် အောင်မြင်သော စီးပွားရေးလမ်းကြောင်းသစ်များဆီသို့ ( From Quality Education to Successful Economic Pathways ) စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြား၍ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ လူမှုအကျိုးပြုလုပ်ငန်းများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရေဆေးပွဲလုပ်ခြင်း၊ ဘုရားရင်ပြင်တော်တွင် သန့်ရှင်းရေးလုပ်ခြင်း၊ ကြမ်းတိုက်ခြင်းနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများကို ခေါင်းဖြီးပေးခြင်း၊ ခြေသည်းလက်သည်းများ ညှပ်ပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ အားပေးစကားများပြောခြင်း စသည့်တို့ကို လုပ်ဆောင်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

# မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ကျင်းပရေး ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၂

မန္တလေးတက္ကသိုလ် ရာပြည့်သဘင်ကျင်းပရေး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများတက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးတက္ကသိုလ်ရာပြည့်သဘင်အောင်မြင်စွာ ကျင်းပနိုင်ရေး ပညာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ မျိုးဆက်သစ်လူငယ်ကျောင်းသား၊ ကျောင်းသူများ၏ပူးပေါင်းဆောင်ရွက်မှုသည် ပဓာနကျကြောင်း၊ မန္တလေးတက္ကသိုလ်ရာပြည့်အထိမ်းအမှတ်မှတ်တမ်းဗီဒီယိုပြုလုပ်ရာတွင်မျိုးဆက်သစ်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ခေတ်အမြင်ကို ထည့်သွင်းဖန်တီးစေလိုသည့်အတွက် ပြိုင်ပွဲပြုလုပ်စေလိုကြောင်း၊ မန္တလေးတက္ကသိုလ်တည်ထောင်မှုနှစ်(၁၀၀) ပြည့်ရာပြည့်သဘင်ကို တစ်သက်တွင် တစ်ကြိမ်သာကျင်းပခွင့်ရရှိသည့်အတွက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြံပြုဆွေးနွေးကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)နှင့် တက္ကသိုလ် ကိုးခုမှပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများက မန္တလေးတက္ကသိုလ်ရာပြည့်သဘင်အောင်မြင်စွာကျင်းပနိုင်ရေးလျာထားခဲ့သည့် အစီအစဉ် ၂၅ ရပ်အပေါ်ဆောင်ရွက်ပြီးစီးမှုများကိုဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ


**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကို အဓိကထားခြိမ်းခြောက်သတ်ဖြတ်နေတဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ၁၃-၈-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဆိပ်ဖြူမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဆိပ်ဖြူ ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါဖြစ်ပွားမှုလျှော့ချနိုင်ရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ (ဖုံး၊ သွန်၊ လဲ၊ စစ်)နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဩဂုတ်လ ၁၂ ရက်တွင် ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းကို ဒေသခံပြည်သူများ ရောဂါပိုးများသယ်ဆောင်ကူးစက်တတ်သော ပိုးမွှားများအန္တရာယ်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါဖြစ်ပွားမှုလျှော့ချနိုင်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ (ဖုံး၊ သွန်၊ လဲ၊ စစ်) ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မင်းထွန်း၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ သက်ဆိုင်ရာဌာနမှတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာကျောင်းများနှင့် ဒေသခံပြည်သူများ၏ နေအိမ်နှင့် အိမ်ဝင်းအတွင်း သောက်သုံးရေကန်များနှင့် အိုးခွက်များ၊ ဘုရားပန်းအိုးများ၌ ခြင်ပေါက်ပွားမှုမရှိစေရန် ပိုးလောက်လမ်းများ ပေါက်ပွားခြင်းရှိ၊ မရှိစစ်ဆေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ၊ ခြင်များခိုအောင်းပေါက်ပွားနိုင်သည့် ရေမြောင်းနှင့်ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ အိုးခွက်စွန့်ပစ်ပစ္စည်းများနှင့် တာယာအဟောင်းများ စနစ်တကျစွန့်ပစ်နိုင်ရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

စိုးလင်းနိုင်

# မြန်အောင်မြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) တောင်သူသင်တန်းဖွင့်လှစ်

မြန်အောင် ဩဂုတ် ၁၂



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၃) စက်မှုလယ်ယာစခန်း(မြန်အောင်) ၌ ဩဂုတ်လ ၁၁ ရက်က ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) တောင်သူသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပသည်။


အခမ်းအနားတွင် မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းသောင်းက သင်တန်းဖွင့်လှစ်ပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသုံးလေ့လာရေးမှတ်စုစာအုပ်များကို သင်တန်းသားများအား တစ်ဦးချင်းပေးအပ်ခဲ့ကြသည်။

ယင်းသင်တန်းသို့ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ သင်တန်းသား ၄၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ်လ ၁၁ ရက်မှ ၂၂ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို လယ်ယာလုပ်ငန်းခွင်တွင် ရိတ်သိမ်းခြွေလှေ့စက်များ စနစ်တကျ နည်းမှန်လမ်းမှန်အန္တရာယ်ကင်းစွာ သုံးစွဲတတ်စေရန်၊ ကျွမ်းကျင်စွာမောင်းနှင်ထိန်းသိမ်းတတ်စေရန်၊ စနစ်တကျ ချိန်ညှိတတ်စေရန်နှင့် စပါးအလေအလွင့်နည်းပါးရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)





| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ကျောက်ဆည်(လွန်ကျော်) | ၃၆.၅°C |
| မြင်းမူ | ၃၆.၅°C |
| မြင်းခြံ | ၃၆.၃°C |
| ဆင်ဖြူကျွန်း | ၃၆.၃°C |
| ပခုက္ကူ | ၃၆°C |
| မကွေး | ၃၅.၉°C |
| တံတားဦး | ၃၅.၇°C |
| (လေကြောင်းမိုးလေဝသ) | |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဘီးလင်း | (၆.၅၀)လက်မ |
| သထုံ | (၄.၅၇)လက်မ |
| ခရမ်း | (၃.၁၉)လက်မ |
| ကိုကိုးကျွန်း | (၃.၁၂)လက်မ |
| မိုးညှင်း | (၂.၇၂)လက်မ |
| ရေး | (၂.၆၀)လက်မ |
| ဘားအံ | (၂.၄၈)လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | |
| မြိတ် | (၂.၄၄)လက်မ |
| ဘားအံ | (၂.၄၄)လက်မ |
| ခန္တီး | (၂.၃၆)လက်မ |
| ပူတာအို | (၂.၀၅)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ညောင်ဦး | ၃၇.၃°C |
| ချောက် | ၃၇.၃°C |
| မုံရွာ | ၃၇°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၀ |
| ရှမ်း(မြောက်) | ၂၁ | ၃၁ |
| ရှမ်း(အရှေ့) | ၂၁ | ၃၁ |
| ရှမ်း(တောင်) | ၁၈ | ၂၈ |
| ချင်း | ၁၆ | ၂၆ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၇ | ၃၈ |
| နေပြည်တော် | ၂၅ | ၃၄ |
| မန္တလေး | ၂၇ | ၃၆ |
| မကွေး | ၂၆ | ၃၈ |
| ရခိုင် | ၂၁ | ၃၂ |
| ပဲခူး | ၂၃ | ၃၃ |
| ရန်ကုန် | ၂၄ | ၃၁ |
| ဧရာဝတီ | ၂၄ | ၃၂ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၃ | ၃၂ |
| မွန် | ၂၄ | ၃၁ |
| တနင်္သာရီ | ၂၂ | ၂၉ |

# မိတ္ထီလာမြို့နယ် တုန်းအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပ

မိတ္ထီလာ ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို တုန်းအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဩဂုတ်လ ၁၁ ရက်က ကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် မိတ္ထီလာခရိုင်ပညာရေးမှူး ဒေါ်မော်မော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာမြင့်မားအောင်က ဗလငါးတန်အကြောင်းကိုရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာရွှေညာမြေမြသင်းကြိုင်က စာဖတ်ခြင်းအကြောင်းကိုရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က လူငယ်စကားဝိုင်းကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာလာဆွေဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး တုန်းအိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာရိတ္တခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များ၊ နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ (၆၀၂)

# မောက်မယ်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

မောက်မယ် ဩဂုတ် ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ စာပေနှင့်စဉ်ဆက်မပြတ်စေရေး၊ စာအုပ်စာစောင်များ အဆင်ပြေစွာငှားရမ်းဖတ်ရှုနိုင်ရေး၊ စာဖတ်ရှိန်ပိုမိုမြှင့်မားလာစေရေး ဩဂုတ်လ ၁၁ ရက်က စဉ့်ဝင်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း (နောင်ခမ်း)၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပကြောင်း သိရသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းဆိုင်မိုင်က တိုးတက်လာသည့်ခေတ်စနစ်နှင့်အညီ လူငယ်များအနေဖြင့် ဘဝတိုးတက်ရေးလမ်းကြောင်း မမှားစေရန် လိုအပ်သောကြောင့် စာပေလေ့လာမှု အားကောင်းလာစေရေး၊ ဆုံးဖြတ်ချက်ချရာတွင် မှန်ကန်စွာဆောင်ရွက်နိုင်ရန် စာပေမှတစ်ဆင့် လေ့လာနိုင်ရေး၊ မိမိတို့ကိုယ်တိုင် ရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရန် အားလပ်ချိန်များကို အကျိုးရှိစွာအသုံးချနိုင်စေရေး ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင်ပြင်ပစာအုပ်စာစောင်များကိုပါ လေ့လာဖတ်ရှုနိုင်ရန် နယ်လှည့်စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် တိုင်းရင်းသားရုပ်ပုံ ပုံပြင်စာအုပ်များကို ငှားရမ်းပေးခြင်းဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

# ပြည်မြို့နယ် တီတွဒ်-သောကြမ္မာလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

ပြည် ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် တီတွဒ်-သောကြမ္မာလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ်လ ၁၁ ရက် နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ(ပဲခူးတိုင်းတာဝန်ခံ)နှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ(ပဲခူးတိုင်းတာဝန်ခံ)သည် ပြည်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ပြည်ထောင်စု(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်သော တီတွဒ်-သောကြမ္မာလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ဖြန့်ဝေလှူဒါန်း

မြဝတီ ဩဂုတ် ၁၂

ကရင်ပြည်နယ် မြဝတီမြို့ရှိ အခြေခံလူတန်းစားပြည်သူများအား စားဝတ်နေရေးအဆင်ပြေစေရန်ရည်ရွယ်၍ ဩဂုတ်လ ၁၁ ရက်နံနက်ပိုင်းတွင် ရွှေဟောင်းသမိုင်းဝင် ရွှေမြင်းဝန်စေတီတော်အတွင်းရှိ သာသနာ့ဟိတကာရီဗိမာန်တော်၌ မြဝတီခရိုင် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းခွဲမှ ဆန်နှင့်ခေါက်ဆွဲခြောက်ထုပ်များအား ပြည်သူများ၏လက်ဝယ် အရောက် ဖြန့်ဝေလှူဒါန်းသည်။

ထိုသို့ ဖြန့်ဝေလှူဒါန်းရာတွင် မြဝတီမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်၊ စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးကျော်ကျော်ဦး၊ စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဝင်းနိုင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့ပါဝင်သော ပူးပေါင်းအဖွဲ့များနှင့် မြဝတီမြို့ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးသန်းနိုင်ဦးဆောင်ကာ အသင်းသား၊ အသင်းသူများ၏စုပေါင်းလှူဒါန်းမှုဖြင့် ရပ်ကွက်ငါးခုရှိ အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ကီလိုအိတ် တစ်အိတ်၊ ခေါက်ဆွဲခြောက်သုံးထုပ်ဖြင့် အိမ်ထောင်စု ၁၀၀၀ စုတို့အတွက် ငွေကျပ် ၁၆၅ သိန်း တန်ဖိုးရှိ



သည့် စားသောက်ကုန်ပစ္စည်းများအား ပြည်သူများ လက်ဝယ်အရောက်ဖြန့်ဝေလှူဒါန်းပေးကြောင်း သိရသည်။

(၄၀၆)

# စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

သာယာဝတီ ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အကျဉ်းဦးစီးဌာန သာယာဝတီဗဟိုအကျဉ်းထောင်ရှိ ဝန်ထမ်းမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်လာရေးနှင့် ဖန်တီးပေးနိုင်ရေးတို့အတွက်ရည်ရွယ်၍ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၁၁ ရက်က သာယာဝတီဗဟိုအကျဉ်းထောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အကျဉ်းဦးစီးဌာန သာယာဝတီဗဟိုအကျဉ်းထောင် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်နိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းမြင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပြီး သာယာဝတီဗဟိုအကျဉ်းထောင် ဒုတိယတာဝန်ခံ ဦးဖြိုးဝေဦးက ကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။

အဆိုပါစက်ချုပ်နည်းပညာသင်တန်းတွင် အမျိုးသမီးဝတ် အင်္ကျီအမျိုးမျိုး၊ သဘော်သားအင်္ကျီ၊ ဘောင်းဘီ၊ လုံချည်၊ ဂါဝန်၊ သုံးလွှာစကပ်၊ လေးလွှာစကပ်၊ ချိတ်စကပ်၊ ရှပ်အင်္ကျီ စသည်တို့ကို ဩဂုတ်လ ၁၁ ရက်မှ စက်တင်ဘာလ ၂၄ ရက်အထိ ၄၅ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ထို့ပြင် သင်တန်းပြီးမြောက်ချိန်တွင် လုပ်ငန်းထူထောင်လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းအား ငွေကျပ်သိန်း ၇၀ နှင့်ညီမျှသည့် စက်ပစ္စည်းများဖြစ်သော ခြေနင်းအပ်ချုပ်စက် ၁၀ လုံး၊ ခေးစက်သုံးလုံး၊ ဘီတင်စက်နှစ်လုံး၊ ထုပ်ကြယ်သီးရိုက်စက် ငါးလုံး၊ အထည်သုံးကော်ရပ် ၁၀ ရပ်တို့ကို သုံးစွဲခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဖြူလင်း၊ (၄၁၀)**

MWD Education, Knowledge & Sports Channel

၁၃-၈-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၄ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၈:၁၂ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၈:၁၂ - ၁၉:၁၄ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၉:၁၄ - ၂၀:၁၈ | Grade – 7 | သမိုင်း၊ သိပ္ပံ |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၅၀၄၈၈၊ ၀၆၇-၄၁၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၁၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# လူသားတို့အတွက် မရှိမဖြစ်ကယ်လ်စီယမ်

ပေါက်ပေါက်



လူတစ်ယောက်က မိခင်ဝမ်းတွင်းမှာ ကိုယ်ဝန်ဆောင်ချိန်ကတည်းကစပြီး ဘဝတစ်လျှောက်လုံး အသက်အရွယ်အပိုင်းအခြားအလိုက် ကယ်လ်စီယမ်ဓာတ်လိုအပ်ပါတယ်။ လူတစ်ယောက်ရဲ့ ကယ်လ်စီယမ်ဓာတ်လိုအပ်ချက်ပမာဏမှာ မွေးကင်းစမှ အသက်ခြောက်လအထိ ၂၁၀ မီလီဂရမ်၊ အသက်ခြောက်လမှ တစ်နှစ်အထိ ၂၇၀ မီလီဂရမ်၊ အသက်တစ်နှစ်မှ သုံးနှစ်အထိ ၅၀၀ မီလီဂရမ်၊ အသက်လေးနှစ်မှ ရှစ်နှစ်အထိ ၈၀၀ မီလီဂရမ်၊ အသက်ကိုးနှစ်မှ ၁၈ နှစ်အထိ ၁၃၀၀ မီလီဂရမ်၊ အသက် ၁၉ နှစ်မှ နှစ် ၅၀ အထိ ၁၀၀၀ မီလီဂရမ်၊ အသက် ၅၁ နှစ်နှင့်အထက် ၁၂၀၀ မီလီဂရမ်နှင့် အသက်၅၁ နှစ်နှင့်အထက် ( *မ* ဟော်မုန်းဆေးဖြင့်ကုသမှုခံယူနေသော အမျိုးသမီးများ)၁၅၀၀ မီလီဂရမ် လိုအပ်ပါတယ်။

### သက်ငယ်ပိုင်းနဲ့ သက်လတ်ပိုင်းအရွယ်

မွေးကင်းစမှ အသက် ၁၈ နှစ်အတွင်း ကြီးထွားဖွံ့ဖြိုးစဉ်ကာလတစ်လျှောက်လုံး ကယ်လ်စီယမ်ဓာတ်လိုအပ်ပါတယ်။ အဲဒီကာလအတွင်း ကယ်လ်စီယမ်ဓာတ်ပမာဏပြည့်မီတဲ့ အစားအသောက်တွေ စားပေးမှသာ အရိုးခိုင်မာခြင်းနဲ့ အရိုးတွေ ကြီးထွားဖွံ့ဖြိုးလာစေမှာဖြစ်ပါတယ်။

### သက်လတ်ပိုင်းနဲ့ ကိုယ်ဝန်ဆောင်အရွယ်

ကိုယ်ဝန်ဆောင်ချိန်မှာ မိခင်နဲ့ကလေးအတွက် ကယ်လ်စီယမ်ဓာတ်လုံလောက်စွာရရှိဖို့ အရေးကြီးပါတယ်။ ကလေးဖွံ့ဖြိုးကြီးထွားဖို့အတွက် မိခင်ကိုယ်တွင်းကနေ ကယ်လ်စီယမ်ဓာတ်ကို ထုတ်ယူသုံးစွဲရတာကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအနေနဲ့ ကိုယ်ဝန်ဆောင်ချိန်မှာ သာမန်လိုအပ်တဲ့ ကယ်လ်စီယမ်ဓာတ်ပမာဏထက် ပိုမိုစားသုံးပေးဖို့လိုပါတယ်။

### သွေးဆုံးပြီးချိန်နဲ့ သက်ကြီးပိုင်းအရွယ်

အမျိုးသမီးတွေသွေးမဆုံးခင်မှာ သားဥအိမ်ကနေထုတ်လုပ်တဲ့ မဟော်မုန်းဓာတ်ရှိနေတာကြောင့် အရိုးထဲမှာရှိတဲ့ ကယ်လ်စီယမ်ဓာတ်နဲ့ တခြားသတ္တုဓာတ်တွေကို လျော့နည်းမသွားအောင် အလိုအလျောက်ထိန်းသိမ်းပေးနိုင်ပါတယ်။ ဒါပေမဲ့ သွေးဆုံးပြီးချိန်ကစပြီး မဟော်မုန်းဓာတ်တွေ လျော့နည်းသွားတာကြောင့် အရိုးတည်ဆောက်မှုဖြစ်စဉ်ထက် အရိုးကနေ ကယ်လ်စီယမ်ကို ထုတ်ယူသုံးစွဲမှုပိုမိုများပြားလာပါတယ်။ ဒါကြောင့် သွေးဆုံးပြီး အမျိုးသမီးတွေမှာ တဖြည်းဖြည်းနဲ့ အရိုးပါးလာလေ့ရှိပါတယ်။ ပျမ်းမျှ အသက် ၅၀ ကျော် အမျိုးသမီးတွေရဲ့ ၂၀ ရာခိုင်နှုန်းခန့်မှာ ကယ်လ်စီယမ်ဓာတ်ချို့တဲ့ခြင်းရဲ့ နောက်ဆက်တွဲအဖြစ် အရိုးကျိုးခြင်းပြဿနာနဲ့ရင်ဆိုင်ကြရပါတယ်။ အထူးသဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းသူတွေ၊ ပုံမှန်ရှိသင့်တဲ့ ခန္ဓာကိုယ်အလေးချိန်ထက် ၂၅ ရာခိုင်နှုန်းကျော် တိုးနေသူတွေ၊ သွေးဆုံးချိန် စောသူတွေနဲ့ မျိုးရိုးမှာ အရိုးကျိုးရောဂါဖြစ်တဲ့ ရာဇဝင်ရှိသူတွေမှာ အရိုးပါးရောဂါဖြစ်လာနိုင်ဖို့ အလားအလာပိုနေလို့ အထူးသတိပြုသင့်ပါတယ်။

**"ကယ်လ်စီယမ်ဓာတ်က အရိုးနဲ့သွားတွေကိုကြံ့ခိုင်စေခြင်း၊ အာရုံကြောတွေကို အလုပ်လုပ်စေနိုင်ခြင်း၊ ကြွက်သားတွေကို ကျုံ့နိုင်ဆန့်နိုင်ခြင်း၊ ခန္ဓာကိုယ်အတွက် လိုအပ်နေတဲ့ ဟော်မုန်းနဲ့အင်ဇိုင်းတွေကို စစ်ထုတ်ပေးနိုင်ခြင်း စတဲ့ ကောင်းကျိုးတွေရရှိစေပါတယ်. . ."**

### လူသားတို့အတွက် မရှိမဖြစ်ကယ်လ်စီယမ်

ကယ်လ်စီယမ်ဓာတ်က အရိုးနဲ့သွားတွေကိုကြံ့ခိုင်စေခြင်း၊ အာရုံကြောတွေကို အလုပ်လုပ်စေနိုင်ခြင်း၊ ကြွက်သားတွေကို ကျုံ့နိုင်ဆန့်နိုင်ခြင်း၊ ခန္ဓာကိုယ်အတွက် လိုအပ်နေတဲ့ ဟော်မုန်းနဲ့အင်ဇိုင်းတွေကို စစ်ထုတ်ပေးနိုင်ခြင်း စတဲ့ကောင်းကျိုးတွေရရှိစေပါတယ်။ ကျန်းမာရေးသုတေသီတွေရဲ့လေ့လာတွေ့ရှိချက်အရ ကယ်လ်စီယမ်ဓာတ်ချို့တဲ့ရင် ခန္ဓာကိုယ်ထဲမှာ အဆီပိုတွေစုဝေးလာနိုင်တဲ့အပြင် နောက်ဆက်တွဲဆိုးကျိုးတွေအဖြစ် ခြေချောင်း၊ လက်ချောင်းတွေ အကွေးအဆန့်ခက်ခဲခြင်း၊ နာကျင်ခြင်း၊ ကြွက်တက်ခြင်း၊ အသားတွေအထိမခံနိုင်လောက်အောင် နာကျင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အာဟာရချို့တဲ့ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ ကြွက်သားတွေတင်းမာခြင်းနဲ့ သွေးကြောဆိုင်ရာရောဂါတွေဖြစ်ကြတဲ့ လေဖြတ်ခြင်းနဲ့ နှလုံးရောဂါဖြစ်ခြင်း စတဲ့ရောဂါဝေဒနာတွေ ခံစားရနိုင်ပါတယ်။ ကယ်လ်စီယမ်ဓာတ်ကြွယ်ဝတဲ့ အစားအစာတွေကို စားပေးခြင်းဖြင့် သွေးတိုးရောဂါ၊ သွေးထဲရှိ မလိုလားအပ်တဲ့ ကိုလက်စထရောမြင့်မားမှုတွေကို လျှော့ချပေးနိုင်တဲ့အပြင် သွေးထဲရှိ သကြားပမာဏကိုလည်း ထိန်းချုပ်ပေးနိုင်ပါတယ်။

### ကယ်လ်စီယမ်ဓာတ်ကြွယ်ဝသော အစားအစာများ

ကယ်လ်စီယမ်ဓာတ်ကြွယ်ဝတဲ့ အစားအစာကို နို့နှင့်နို့ဖြင့်ပြုလုပ်သော အစားအစာများကိုသာ လူသိများကြပြီး အောက်ပါအစားအစာတွေကနေလည်း ကယ်လ်စီယမ်ဓာတ်တွေကို အလုံအလောက်ရရှိနိုင်ပါတယ်။

- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ လတ်လတ်ဆတ်ဆတ်ကန်စွန်းရွက်ကနေ ကယ်လ်စီယမ်ဓာတ် ၁၂ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ အဆီနည်းတဲ့ ချိစ်ကနေ ကယ်လ်စီယမ်ဓာတ် ၉၅ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ အဆီနည်းတဲ့ ဒိန်ချဉ်ကနေ ကယ်လ်စီယမ်ဓာတ် ၁၃ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ လတ်လတ်ဆတ်ဆတ်မုန်လာထုပ်အဖြူရောင်ကနေ ကယ်လ်စီယမ်ဓာတ် ၁၁ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ ပဲပုပ်သို့မဟုတ် ပဲနဲ့ပြုလုပ်ထားတဲ့ တိုဟူးကနေ ကယ်လ်စီယမ်ဓာတ် ၃၅ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ ချက်ပြုတ်ပြီးတဲ့ ရုံးပတီသီးကနေ ကယ်လ်စီယမ်ဓာတ် ၈ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ လတ်လတ်ဆတ်ဆတ်အစိမ်းရောင်ပန်းဂေါ်ဖီကနေ ကယ်လ်စီယမ်ဓာတ် ၅ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ လတ်လတ်ဆတ်ဆတ်ဗိုလ်စားပဲသီးကနေ ကယ်လ်စီယမ်ဓာတ် ၄ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ ဗာဒံစေ့ကနေ ကယ်လ်စီယမ်ဓာတ် ၂၆ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၀၀ ဂရမ်ရှိတဲ့ ချက်ပြုတ်ပြီးတဲ့ ငါးသေတ္တာကနေ ကယ်လ်စီယမ်ဓာတ် ၃၈ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၂၇၇ မီလီဂရမ်ရှိတဲ့ အဖြူရောင်နှမ်းစေ့ကနေ ကယ်လ်စီယမ်ဓာတ် ၂၈ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၁၅၈ မီလီဂရမ်ရှိတဲ့ လတ်လတ်ဆတ်ဆတ် ထိုင်ဝမ်ဂေါ်ဖီထုပ်ကနေ ကယ်လ်စီယမ်ဓာတ် ၁၆ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၉၈ မီလီဂရမ်ရှိတဲ့ အဆီမလိုင်ပြည့်ချိစ်ကနေ ကယ်လ်စီယမ်ဓာတ် ၁၀ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၉၃ မီလီဂရမ်ရှိတဲ့ လတ်လတ်ဆတ်ဆတ်ကိုက်လန်ကနေ ကယ်လ်စီယမ်ဓာတ် ၉ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။
- အလေးချိန် ၆၀ မီလီဂရမ်ရှိတဲ့ လတ်လတ်ဆတ်ဆတ်ဟင်းနုနယ်ရွက်ကနေ ကယ်လ်စီယမ်ဓာတ် ၆ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။

ကယ်လ်စီယမ်ဓာတ် ချို့တဲ့သူတွေအနေနဲ့ ဖြည့်စွက်စာအဖြစ် ကယ်လ်စီယမ်အားဆေးကို မှီဝဲကြရတဲ့အခါ ကယ်လ်စီယမ်အားဆေးကို အစားစားပြီးချိန်မှာ သောက်သင့်ပါတယ်။ အစာနဲ့တွဲသောက်ရင် ကယ်လ်စီယမ်စုပ်ယူမှု ပိုမိုကောင်းမွန်နိုင်ပါတယ်။ ကိုယ်သောက်သုံးမယ့် ကယ်လ်စီယမ်ပမာဏကို နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ခွဲပြီး မနက်စာ၊ နေ့လယ်စာ၊ ညစာစားပြီးချိန်တွေမှာ သောက်သုံးသင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။

## မင်းဘူးမြို့နယ်၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

မင်းဘူး ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာနနှင့် မြို့နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ လေထုညစ်ညမ်းမှုအန္တရာယ်ကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသောလူနေမှုပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန် ပိုက်သင်ကျေးရွာဓမ္မာရုံ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၁ ရက်က ကျင်းပသည်။

ရှေးဦးစွာ မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်က မီးခိုးမြူငွေ့အန္တရာယ်အကြောင်းသိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုက မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများက ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ပြောကြားပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါဟောပြောပွဲသို့ ပိုက်သင်ကျေးရွာမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

ဇင်မာ



# လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြော

**ကျောက်ကြီး ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သိန်တန်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း သပြေဆောင်ခန်းမ၌ ဩဂုတ်လ ၁၁ ရက် မွန်းလွဲပိုင်းတွင် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူးက လူကုန်ကူးခံရသူများ၏ နောက်ဆက်တွဲဆိုးကျိုးများကို ဟောပြောပွဲသို့တက်ရောက်လာသူများ စိတ်ဝင်စားစေရန် ရုပ်ပုံပါဗီနိုင်းပိုစတာများဖြင့် ရှင်းလင်းဟောပြောခြင်းများဆောင်ရွက်သည်။

ထို့နောက် ဟောပြောပွဲတက်ရောက်လာသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များနှင့် ရုပ်ပုံပါဗီနိုင်းပိုစတာများအား စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(၄၁၀)

# ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး အသိပညာပေးခြင်းနှင့်ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်

**မြိတ် ဩဂုတ် ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ကျွဲကူး) ကျောင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း(အဏ္ဏဝါ) ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများကို ဩဂုတ်လ ၁၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂမော်ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဒေါ်ရီရီစန်းနှင့်ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်း(ကျွဲကူး)ကျောင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း(အဏ္ဏဝါ)ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားနှင့်ခံတွင်းသန့်ရှင်းရေး၊ စနစ်တကျလက်ဆေးခြင်း၊ မျက်စိအမြင်အာရုံများစမ်းသပ်ခြင်း စသည့်ခေါင်းစဉ်များဖြင့် ကျန်းမာရေးအသိပညာပေးပြောကြားသည်။



အဆိုပါကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် အခြေခံပညာအထက်တန်းကျောင်း (ကျွဲကူး)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၇၆၉ ဦးနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း(အဏ္ဏဝါ)ကျောင်းမှ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၂၇၅ ဦးတို့အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(၄၁၂)

# ချောင်းဦးမြို့နယ်၌ ပဲတီစိမ်းဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ချောင်းဦး ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ပဲတီစိမ်းဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ယခု၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ချောင်းဦးမြို့နယ်၌ ပဲတီစိမ်း ၁၄၀၃၀ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့အထိ ၉၈၁၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ချောင်းဦးမြို့နယ်၌ ပဲတီစိမ်းစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေး၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးနှင့်တွေ့ကြုံလာသည့်ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

(၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၅။ | ၁၂:၀၀ | ပန်းတို့၏အလှတရား |
| ၆။ | ၁၄:၀၀ | Movie & Movies |
| ၇။ | ၁၅:၀၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၈။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၉။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၀။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၁။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၂။ | ၁၈:၄၀ | Music Gallery |
| ၁၃။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ် (တရုတ်-မြန်မာအခန်းကဏ္ဍ) အပိုင်း(၁၄-၁၅)** |
| ၁၄။ | **ည ၈ နာရီသတင်းအပြီး** | အမျိုးသားရေးတေးကဗျာ |
| ၁၅။ | | နိုင်ငံတကာသတင်း |
| ၁၆။ | | ခရီးလည်းသွား စကားလည်းဆို |

## MWD Variety Channel

၁၃-၈-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၁၅ | ရှာဖွေလေ့လာပြတိုက်မှာ |
| ၂။ | ၁၁:၃၅ | ကမ္ဘာတစ်ခွင်မှတ်တမ်းဝင် |
| ၃။ | ၁၄:၂၀ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၅:၄၀ | ဗုဒ္ဓဓမ္မအသိများတိုးပွားရကြစေ |

## စာကြည့်တိုက်သို့ သွားကြစို့

❖ စာအုပ်စာပေ၊ လူ့မိတ်ဆွေမို့
သင်လေလေ့လာ၊ ဆည်းပူးပါက
ချိန်ခါမနှောင်း၊ ဆင်းရဲပေါင်းမှ
လွတ်ကြောင်းကုန်စင် သိလို့မြင်။

❖ ပညာရွှေအိုး၊ လူမခိုးမို့
ဂုဏ်တိုးဝေဖြာ၊ ထိုထိုစာကို
မှတ်ကာဖတ်ရှု၊ သင်လိုပြုက
ကောင်းမှုများစွာ ကြုံရရှာ။

❖ ပညာရဲရင့်၊ ပွဲလယ်တင့်သော်
ရေနှင့်ကြာဖွယ်၊ လွန်တင့်တယ်၍
ရှက်ဖွယ်မှုကင်း၊ နေလလင်းသို့
ဂုဏ်ဆင်းအရောင် ထွန်းလင်းပြောင်။

❖ အလိမ္မာသိ၊ စာမှာရှိလို့
စာကြည့်ပါမှ၊ လောကအပေါင်း
မြင်ရကြောင်းဟု၊ ဆိုကောင်းပြုသည့်
ကောင်းမှုစာပေ ပေါ်များလေ။

❖ စာဖတ်မပျင်း၊ သိဉာဏ်လင်းတော့
ဆင်းရဲသည့်ဘေး၊ ကင်းစင်ဝေးပြီး
ပူဆွေးသောက၊ မကြုံရဘဲ
လောကကောင်းကျိုး သယ်နိုင်ပိုး။

❖ စာပေတတ်မြောက်၊ လိုရာရောက်သည့်
ဂုဏ်တောက်မြင့်မား၊ သမီးသား၏
မွေးဖွားမိဘ၊ ပြုံးပျော်ရပြီး
လောကအလယ် ဂုဏ်တင့်တယ်။

❖ ထိုသို့ရှိရာ၊ မြတ်သောစာကို
ချိန်ခါမနှောင်း၊ ဖတ်လိုကြောင်းဟု
စိတ်ကောင်းတစ်ခု၊ ဆန္ဒပြု၍
ကောင်းမှုအကျိုး၊ ထမ်းသယ်ပိုးရင်း
ဖိုးထိုက်သည့်စာ၊ မြောက်မြားစွာတို့
သင်လာဖတ်ဖို့ စောင့်ဆိုင်းလို့။
စာကြည့်တိုက်သို့ သွားကြစို့။ ။

**မနောဖြူ**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကျင်းပ




ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၁၂

၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရရှိသူများ၊ ကျောင်းသား/ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ပေးပို့သည့်သဝဏ်လွှာကို ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးက ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာတွင် ကဏ္ဍအလိုက် ထူးချွန်ဆုရလူငယ်များနှင့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသသည်။

ဆက်လက်၍ လူငယ်စွမ်းရည်ဂုဏ်ပြုတေးသီချင်းနှင့် ထာဝရပြည်ထောင်စု တိုင်းရင်းသားယဉ်ကျေးမှု အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အသိပညာပေးဟောပြောသည့် ဆရာမ ၂ ဦးနှင့် ဖျော်ဖြေတင်ဆက်ပေးခဲ့သည့် အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး ခင်းကျင်းပြသထားသော လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၂ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

⇨ ကျောဖုံးမှအဆက်

အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၉၅၆ ဦး ထပ်မံ၍ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၇၈၁၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၈၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၄၈ ဦးကို သွေးအမျိုးအစားစစ်ဆေးပေး၍ အမျိုးသား ၄ ဦးကို ငှက်ဖျားပိုးစစ်ဆေးပေးခြင်းနှင့် အမျိုးသမီး ၁ ဦးအား သွေးလွန်တုပ်ကွေးရောဂါစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၂ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



နောင်ချိုမြို့နယ် အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံစဉ်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



နောင်ချိုမြို့နယ် အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန်အကြံပြုအပ်သည်။

(မိုး/ဇလ)

## မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်




ရန်ကုန် ဩဂုတ် ၁၂

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က မင်္ဂလာဆီမီးထွန်းညှိပြီး အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ အခမ်းအနားသို့တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ ဒုတိယသံအမတ်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့အား ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က ဂုဏ်ပြုပန်းခြင်းပေးအပ်ကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ၏ (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲ အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များအား အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ညစာဖြင့်တည်ခင်းဧည့်ခံကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များ၊ အိန္ဒိယနွယ်ဖွား များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

# Naypyitaw State Academy
# ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

Naypyitaw State Academy အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူး၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy အားကစားခန်းမ၌ ကျင်းပရာ Naypyitaw State Academy ခေတ္တပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဘာသာရပ်ဌာနအသီးသီးမှ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်အားပေးကြသည်။




ပြိုင်ပွဲတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က အဖွင့်အမှာစကားပြောကြားကာ စစ်တုရင်ပြိုင်ပွဲ အမျိုးသားပွဲစဉ်နှင့် အမျိုးသမီးပွဲစဉ်များကို ဆွစ်စနစ်ဖြင့် ပတ်လည်ယှဉ်ပြိုင်ကစားကြပြီး မွန်းလွဲပိုင်းတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပ၍ ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က အမျိုးသားပွဲစဉ်နှင့် အမျိုးသမီးပွဲစဉ်များတွင် ဆုရရှိခဲ့ကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးကို သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါက်တာဥမ္မာစံကို ယင်းတက္ကသိုလ်၏ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နေပြည်တော်ကောင်စီနယ်မြေတွင် စပါးအထွက်နှုန်း ကွာဟချက်များဆန်းစစ်လေ့လာမှုသုတေသန စစ်တမ်းကောက်ယူ



နေပြည်တော် ဩဂုတ် ၁၂

နွေစပါးစိုက်တောင်သူများအတွက် ပန်းတိုင်အထွက်နှုန်းရရှိရေးကိုဦးတည်သော စပါးအထွက်နှုန်း ကွာဟချက်များနှင့် ကန့်သတ်ချက်များကို ဆန်းစစ်လေ့လာမှု သုတေသနစစ်တမ်းကောက်ယူခြင်းကို နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်ရှစ်မြို့နယ်၌ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနတို့ ပူးပေါင်း၍ စစ်တမ်းကောက်ယူနေမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ကွင်းဆင်းကြည့်ရှုစစ်ဆေးအားပေးသည်။

ယင်းနောက် စစ်တမ်းကောက် ပညာရှင် ဝန်ထမ်းများ၊ တောင်သူများနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ယခုစစ်တမ်းကောက်ယူရာတွင် တောင်သူများ စပါးစိုက်ပျိုးရာ၌ မျိုး၊ မြေ၊ ရေ၊ နည်းဆိုင်ရာ ကြုံတွေ့ရသည့် အခက်အခဲများကိုလည်း ထည့်သွင်းကောက်ယူရန်နှင့် ပန်းတိုင်အထွက်ရရှိရေး အတွက် အရေးကြီးသည့် မျိုး၊ မြေ၊ ရေ၊ နည်း ပြဿနာများဖြေရှင်းနိုင်ရေးအတွက် တောင်သူများ၏ စွမ်းဆောင်ရည်ကို အခြေပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနတာဝန်ရှိသူများအနေဖြင့် တောင်သူများအား သီးနှံများထွက်ပေါ်ချိန်တွင် သက်ဆိုင်ရာဈေးကွက်နှင့် ချိတ်ဆက်ပေးကြစေလိုကြောင်းနှင့် ဒေသအလိုက် ဈေးကွက်သုတေသနများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်သူများ အနေဖြင့်လည်း မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ထူကိုယ်ထရန်ပုံငွေ အစုအဖွဲ့များ တည်ထောင်၍ ကျေးရွာသစ် စီမံကိန်းကျေးရွာများကို စံနမူနာယူကာ မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြစေလိုကြောင်း၊ မျိုးနှင့်ပတ်သက်၍ တောင်သူကြီးများကိုယ်တိုင် မျိုးစေ့ထုတ်နိုင်ရေး ခေါင်နှံမျိုးထားသည့် စနစ်အား ကျင့်သုံးနိုင်စေရေးကို ပညာရှင်များဘက်က ကူညီပေးကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၅˚င / ၃၄˚င |
| ရန်ကုန် | ၂၄˚င / ၃၁˚င |
| မန္တလေး | ၂၇˚င / ၃၆˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အမှိုက်ခွဲခြားစွန့်ပစ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုကာကွယ်ကြစို့

ဝင်းထွဋ်ဦး

ယခုရက်သတ္တပတ်အတွင်းမှာ စွန့်ပစ်အမှိုက်တွေနဲ့သက်ဆိုင်တဲ့သတင်းတွေကို သတင်းစာမျက်နှာပေါ်မှာ ဖတ်ရှုနေရပါတယ်။ စွန့်ပစ်ပစ္စည်းအမှိုက်တွေကို စနစ်တကျခွဲခြားစွန့်ပစ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောသရုပ်ပြပွဲ၊ အမှိုက်များအား အမျိုးအစားခွဲခြားစွန့်ပစ်နိုင်ရေး အမှိုက်ပုံးအရောင်များ ခွဲခြားသတ်မှတ်ခြင်း အသိပညာပေးဟောပြောပွဲ၊ အမှိုက်ခွဲခြားစွန့်ပစ်သည့် စနစ်အကောင်အထည်ဖော်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြခြင်း စတဲ့ခေါင်းစဉ်အမျိုးမျိုးနဲ့ မြို့ကြီးတွေ၊ မြို့နယ်တွေမှာ ပြုလုပ်ဆောင်ရွက်နေကြတယ်။

အဲဒီအမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဟောပြောသရုပ်ပြပွဲတွေကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်စေဖို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုကာကွယ်ပြီး သယံဇာတအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချနိုင်ဖို့ အန္တရာယ်ကင်းသောစွန့်ပစ်မှုဖြစ်စေဖို့ရည်ရွယ်ပြီး ပြုလုပ်ဆောင်ရွက်နေတာဖြစ်ပါတယ်။

အမှိုက်အမျိုးအစားအလိုက် စနစ်တကျခွဲခြားစွန့်ပစ်မယ်ဆိုရင် စွန့်ပစ်ပစ္စည်းတွေက ပြန်လည်အသုံးပြုနိုင်တဲ့အရာတွေကိုခွဲထုတ်နိုင်တာ၊ သဘာဝအရင်းအမြစ်တွေကို ထိထိရောက်ရောက်အသုံးချနိုင်တာ၊ စွန့်ပစ်ပမာဏလျှော့ချနိုင်တာ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလျှော့ကျစေနိုင်တာ၊ ကျန်းမာရေးအန္တရာယ်ကို လျှော့ချပေးတာ၊ အမှိုက်စိုတွေက သဘာဝမြေဆွေးပြုလုပ်နိုင်တာ၊ စွန့်ပစ်ပလတ်စတစ်ပစ္စည်းတွေကို အခြားအသုံးဝင်တဲ့ပစ္စည်းတွေအဖြစ် ပြန်လည်ပြုပြင်ထုတ်လုပ်သုံးစွဲမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းသစ်တွေဖန်တီးပေးနိုင်တာ စတဲ့အကျိုးကျေးဇူးတွေရရှိခံစားကြရမှာဖြစ်ပါတယ်။

ခြောက်သွေ့တဲ့ စက္ကူ၊ ကတ်ထူစက္ကူ၊ သံတိုသံစ၊ ပိတ်စ၊ သစ်သား စတဲ့စွန့်ပစ်ပစ္စည်းတွေကို အမှိုက်ခြောက်အဖြစ် သတ်မှတ်ပေးထားပါတယ်။ အဲဒီအမှိုက်ခြောက်ကိုစွန့်ပစ်ဖို့ကတော့ အဝါရောင်အမှိုက်ပုံးဖြစ်ပါတယ်။

အမှိုက်စိုတွေကတော့ မီးဖိုချောင်ထွက်ပစ္စည်းတွေနဲ့ တစ်ကိုယ်ရေသုံးသန့်ရှင်းရေးပစ္စည်းတွေ စတဲ့စွန့်ပစ်ပစ္စည်းတွေပါပဲ။ အဲဒါတွေစွန့်ပစ်ဖို့အတွက် အစိမ်းရောင်အမှိုက်ပုံးကို သတ်မှတ်ပေးထားပါတယ်။ ပလတ်စတစ်အမှိုက်အတွက်ကတော့ အပြာရောင်အမှိုက်ပုံးမှာစွန့်ပစ်ရမှာပါ။

လျှပ်စစ်နဲ့ဓာတုဆိုင်ရာ ဘေးအန္တရာယ်ပစ္စည်းအမှိုက်တွေဆိုရင် အနီရောင်အမှိုက်ပုံးကို ရွေးချယ်စွန့်ပစ်ကြရမှာဖြစ်ပါတယ်။

အမှိုက်တွေကိုအမှိုက်ပုံးအရောင်ခွဲခြားကာ စွန့်ပစ်တဲ့အလေ့အထကောင်းဖြစ်လာအောင် လေ့ကျင့်အသိပညာပေးတာတွေကိုလုပ်ဆောင်ပေးနေပါတယ်။ အမှိုက်ကို အရင်ဆုံးရွေးချယ်ခွဲခြားရပါမယ်၊ ပြီးရင် စွန့်ပစ်ရမယ့် အမှိုက်ပုံးအရောင်ကို ထပ်ပြီးရွေးရပါမယ်၊ ပြီးမှ ဟုတ်ပြီဆိုမှစွန့်ပစ်ရမှာပါ။ ဒီလိုလုပ်ရင် ရမယ့်အကျိုးကျေးဇူးတွေက တန်ဖိုးကြီးမားလှပါတယ်။

နိုင်ငံတစ်ဝန်း မြို့ရွာအသီးသီးက နေ့စဉ်စွန့်ပစ်အမှိုက်ထွက်ရှိမှုဟာ သိသိသာသာများပြားလျက်ရှိနေပါတယ်။ ထွက်ရှိမှုပိုပိုပြီးတိုးလာသလို စည်းကမ်းမဲ့ဖြစ်သလို စွန့်ပစ်တာတွေကလည်း ပိုများလို့လာပါတယ်။ ကျွန်တော်တို့အပါအဝင် မြို့ရွာအသီးသီးမှာ




နေထိုင်သူတွေဟာ အမှိုက်စွန့်ပစ်မှုအလေ့အကျင့်ကောင်းတွေမရှိသလောက်ပါဘဲ။ အတော်များများက မသိတာ အားနည်းတာ လိုအပ်တာတွေရှိနေသလို နည်းလမ်းတကျ စနစ်တကျစွန့်ပစ်ပစ္စည်းသိမ်းဆည်းမှုစနစ်၊ သယ်ဆောင်မှုစနစ်နဲ့ စွန့်ပစ်မှုစနစ်တွေလည်းမရှိဘူးလို့တောင် ပြောနိုင်ပါတယ်။ အဲဒီအကျိုးဆက်က နိုင်ငံအတွင်း စည်းကမ်းမဲ့စွန့်ပစ်တဲ့ အမှိုက်တွေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေဖြစ်ပေါ်လာတာပဲဖြစ်ပါတယ်။ မြေဆီလွှာ၊ မြစ်ချောင်း၊ ရေအရင်းအမြစ်တွေမှာ ဆိုးကျိုးတွေဖြစ်စေတယ်၊ သက်ရောက်စေတယ်။ စုပုံစွန့်ပစ်ထားတဲ့နေရာက ထွက်လာသော ရေဆိုး၊ စွန့်ပစ်ပစ္စည်းတွေ မီးရှို့လို့ လေထုညစ်ညမ်းမှုတွေက မြေထု၊ ရေထု၊ လေထုညစ်ညမ်းစေပါတယ်။ အဲဒီညစ်ညမ်းမှုတွေက ပြည်သူတွေရဲ့ကျန်းမာရေးကို သိသိသာသာထိခိုက်စေတာအမှန်ပါပဲ။ သတိပြုကြရမှာဖြစ်ပါတယ်။

အဲဒီစွန့်ပစ်အမှိုက်ပြဿနာကို မြို့ပြစည်ပင်သာယာရေးအဖွဲ့တွေက နေ့စဉ်ရက်ဆက်ဆိုသလို ဖြေရှင်းပေးနေပါတယ်။ ဒါပေမဲ့ ဖြေရှင်းလို့မဆုံးတဲ့အပြင် စွန့်ပစ်အမှိုက်ရဲ့ကြီးမားတဲ့စိန်ခေါ်မှုကိုတောင် ပြန်ခံစားနေရပါတယ်။ မြို့ကြီးတွေ၊ မြို့ပေါ်တွေမှာသာမက ကျေးရွာတွေမှာလည်း စွန့်ပစ်အမှိုက်ဆိုတာဘာလဲလို့မေးရတော့မှာပါ။ ကြုံရင်ကြုံသလို တွေ့တဲ့နေရာမှာ စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်နေကြတယ်။ အမှိုက်ပြဿနာကို ဘယ်လိုနည်းလမ်းကောင်းတွေနဲ့ကိုင်တွယ်ဖြေရှင်းကြမှာလဲ။ အဖြေရှာကြဖို့လိုနေပြီဖြစ်ပါတယ်။

အမှိုက်စို၊ အမှိုက်ခြောက် ခွဲခြားစွန့်ပစ်တဲ့အစီအစဉ်ကို အရင်တုန်းကတည်းက အကောင်အထည်ဖော်လုပ်ဆောင်စေခဲ့တယ်။ လိုက်နာဆောင်ရွက်မှုအားနည်းခဲ့သလို အဲဒီအစီအစဉ်ကို အစဉ်တစိုက်လုပ်စေဖို့ ထိန်းကျောင်းပေးမယ့်သူတွေရဲ့အားနည်းချက် လိုအပ်ချက်တွေကလည်းများခဲ့လို့ အောင်မြင်မှုရဖို့ဝေးခဲ့ရတယ်။

အခုလည်း အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်များသတ်မှတ်ပြီး ခွဲခြားစွန့်ပစ်ကြစေဖို့ သရုပ်ပြလေ့ကျင့်မှုများပြုလုပ်တဲ့ လှုပ်ရှားမှုတွေအခမ်းအနားတွေလုပ်နေကြပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက မြို့ကြီးတွေ၊ မြို့နယ်တွေရဲ့ ဌာနဆိုင်ရာ ရုံးတွေ၊ အခြေခံပညာကျောင်းတွေနဲ့ ဈေးတွေမှာ စုပေါင်းအားနဲ့လုပ်ဆောင်နေပါတယ်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်တွေကို သက်ဆိုင်ရာဌာနအသီးသီးကဦးဆောင်ကာကြိုးစားလုပ်ဆောင်နေပါတယ်။ ပြည်သူအများရဲ့လူမှုဘဝနဲ့ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်သာယာလှပဖို့

> ❖ နိုင်ငံအတွင်း စည်းကမ်းမဲ့စွန့်ပစ်တဲ့အမှိုက်တွေကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေဖြစ်ပေါ်လာတာပဲဖြစ်ပါတယ်။ မြေဆီလွှာ၊ မြစ်ချောင်း၊ ရေအရင်းအမြစ်တွေမှာ ဆိုးကျိုးတွေဖြစ်စေတယ်၊ သက်ရောက်စေတယ်။ စုပုံစွန့်ပစ်ထားတဲ့နေရာက ထွက်လာသော ရေဆိုး၊ စွန့်ပစ်ပစ္စည်းတွေ မီးရှို့လို့ လေထုညစ်ညမ်းမှုတွေက မြေထု၊ ရေထု၊ လေထုညစ်ညမ်းစေပါတယ်။ အဲဒီညစ်ညမ်းမှုတွေက ပြည်သူတွေရဲ့ကျန်းမာရေးကို သိသိသာသာထိခိုက်စေတာအမှန်ပါပဲ။ သတိပြုကြရမှာဖြစ်ပါတယ်။

ကို များစွာအထောက်အကူပြုမယ့်အစီအစဉ်ကောင်းတစ်ခုပါပဲ။

ကျွန်တော်တို့ရဲ့ရပ်ရွာနေပြည်သူလူထုအားလုံးဟာ အသိတရားရှိရှိနဲ့ ပူးပေါင်းပါဝင်လာဖို့ပဲ အရေးကြီးပါတယ်၊ လိုအပ်ပါတယ်။ စွန့်ပစ်ပစ္စည်း အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်တွေကို ပြည်သူလူထုအများစုဟာ အသိအမြင် ဗဟုသုတနည်းပါးတာ၊ အမှိုက်စွန့်ပစ်ကြရာမှာ ဟိုးအချိန် အစဉ်အဆက်ကတည်းကဖြစ်သလို အလွယ်တကူလုပ်ကိုင်တတ်တဲ့ အလေ့အကျင့်ဖျောက်ဖျက်လို့ မရဖြစ်တာ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဆောင်ရွက်ဖို့ အားနည်းမှုတချို့ရှိနေသေးတာကြောင့် အခုလိုစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်၊ အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်များသတ်မှတ်ပြီး ခွဲခြားစွန့်ပစ်ကြဖို့အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အခက်အခဲများရှိနိုင်ပါသေးတယ်။ ဒီအစီအစဉ်ကို တာဝန်ယူလုပ်ဆောင်ရတဲ့ ဌာနဆိုင်ရာတွေအနေနဲ့ အလုပ်သဘောမျိုးလုပ်တဲ့အနေအထားမျိုးမဟုတ်တဲ ပြည်သူအများ အမြဲလိုက်နာပြုမူလုပ်ဆောင်ကြစေဖို့ အသိပညာပေးစည်းရုံးတာ၊ အနီးကပ်ကြပ်မတ်စစ်ဆေးတာတွေကို အလေးထားလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ အောင်မြင်မှုရလဒ်ကောင်းလိုချင်ရင် စေတနာပါပါနဲ့ကြိုးစားကြရပါမယ်။

အဲဒီအမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်တွေသတ်မှတ်ပြီး အမှိုက်ခွဲခြားစွန့်ပစ်တဲ့အစီအစဉ်အောင်မြင်စေဖို့ မြို့ပြရော ကျေးလက်မှာပါနေထိုင်ကြတဲ့ ကျွန်တော်တို့ညီအစ်ကိုမောင်နှမတွေအားလုံး အသိတရားကိုယ်စီနဲ့ အလေးထားပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ အခုတစ်ကြိမ်လုပ်ဆောင်နေတဲ့ အမှိုက်အမျိုးအစားအလိုက် အမှိုက်ပုံးအရောင်တွေသတ်မှတ်ပြီး ခွဲခြားစွန့်ပစ်တဲ့အစီအစဉ်အောင်မြင်ဖို့ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြမယ်ဆိုရင် အောင်မြင်မှုရလဒ်ကောင်းတစ်ခုရရှိမှာသေချာပါတယ်။ အဲဒါကြောင့် အဲဒီအစီအစဉ်လေးအောင်မြင်ဖို့အတွက် "ဝါ စိမ်း နီ ပြာ ခွဲလို့ရယ် အမှိုက်စွန့်ပစ်ကြမယ်"လို့ တိုက်တွန်းစကားပြောလိုက်မိပါရဲ့။ ။

# လယ်ဝေးမြို့နယ်အတွင်း သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ်အတွင်းရှိ သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည်လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိကြံတိုင်းအောင် သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင် သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်း၍ ဒေသနွားမျိုး ကောင်ရေ ၁၅၀ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်းများအနေဖြင့် ဒေသနွားကောင်ရေ ၅၀၀ မွေးမြူရေးစီမံချက်တွင် ပထမအဆင့် ကောင်ရေ ၁၅၀ မွေးမြူနိုင်ခဲ့ပြီး ကျန်ရှိသောနွားများ သတ်မှတ်ရက်တွင်ရောက်ရှိရေး ချိတ်ဆက်ဆောင်ရွက်ရန်၊ နွားစာရရှိရေး မွန်ဗားဆားမြက်၊ နေပီယာမြက် ၂၇ ဧက စိုက်ပျိုးထားမှုကို ရှင်သန်အောင်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် သမဝါယမအသင်းများ စိုက်ပျိုးထားသည့်နေပီယာမြက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ အသင်းပိုင်လယ်မြေ ၇ ဧကတွင်စိုက်ပျိုးထားသော အောင်နိုင်တိုး အထွက်တိုးစပါးမျိုးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရရှိလာသောစပါးများကို တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမအသင်းစုချုပ်များ၊ မြို့နယ်သမဝါယမအသင်းစုများနှင့်ပူးပေါင်းချိတ်ဆက်၍ ဝယ်ယူကြိတ်ခွဲဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများဆောင်ရွက်ရန်၊ စပါးရိတ်သိမ်းပြီးပါက မြေပဲ၊ နှမ်း၊ ပြောင်း သီးနှံများဆက်လက်စိုက်ပျိုးနိုင်ရေးလိုအပ်သည့်မျိုးအား သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရန်၊ မိုးစပါးစိုက်ပျိုးနိုင်ရေး အချိန်မီပျိုးထောင်၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်ဟိုတယ်ဇုန်(၁)အတွင်းရှိ ဟိုတယ်များကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး




နေပြည်တော် ဩဂုတ် ၁၂


အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်(၁)ရာဇသင်္ဂဟလမ်းမကြီးရှိဟိုတယ်များ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် ဧည့်သည်လက်ခံ၍ ဝန်ဆောင်မှုပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များချိန်ခွင်ယ်ပိတ်ပေါင်းများရှင်းလင်း၍ မြင်ကွင်းပသာဒကောင်းမွန်အောင်ဆောင်ရွက်ရန်၊ ဟိုတယ်အခန်းများအတွင်း ဧည့်သည်အသုံးအဆောင်ပစ္စည်းများ ပြည့်စုံအောင်စီစဉ်ထားရှိရန်၊ အရေးပေါ်ထွက်ပေါက်ပြသတိပေးဖော်ပြချက်များ မြင်သာသည့်နေရာတွင်ထားရှိရန်၊ ဧည့်သည်များအား အရည်အသွေးကောင်းသောဝန်ဆောင်မှုပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ဟိုတယ်များပြန်လည်တည်ဆောက်ပြုပြင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ရန် မှာကြားပြီး ဟိုတယ်ဝင်းအတွင်း နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်တပ်ဆင်သုံးစွဲနိုင်ရေး ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ မြဝတီ

အထူးမိုးလေဝသ သတင်း


# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်




**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ်လ ၁၃ ရက်မှ ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသည့်ပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို One Stop Service ဖြင့် စိစစ်ထုတ်ပေးနေမှုကိုလည်းကောင်း၊ နိုင်ငံသားကတ်ပြားရရှိပြီးသူများကို Bio-graphic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နောင်ချိုမြို့ မြို့လယ် သာသနာ့ဗိမာန်၌ ယာယီရုံးခန်းဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့နေရပ်စွန့်ခွာစဉ် ပျက်စီး/ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြန်လည်စိစစ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး One Stop Service ဖြင့်ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာကာယကံရှင်ပြည်သူများထံ ပေးအပ်သည်။



ဆက်လက်၍ နိုင်ငံသားကတ်ပြား ရရှိပြီးသူများကို Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားလာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်မဲခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး၊ နမ္မတူနှင့် သီပေါမြို့နယ်ဦးစီးမှူးရုံးများ၊ အဆိုပါမြို့များရှိ ယာယီရုံးများ ဖွင့်လှစ်ထားရှိမှုအခြေအနေကို ကြည့်ရှုကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သက်ဆိုင်ရာမြို့တို့၌ မြို့နယ်ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိရေး၊ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ကြရေး မှာကြားကာ ဝန်ထမ်းများအတွက်ထောက်ပံ့ငွေ၊ ဆန်အိတ်များနှင့် စားသောက်ဖွယ်ရာများကိုထောက်ပံ့ပေးအပ်ပြီး ဓမ္မာရုံရှေ့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို လုပ်ငန်းဆိုင်ရာအခက်အခဲများကိုမေးမြန်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နောင်ချိုမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နောင်ချိုမြို့နယ်ဦးစီးမှူးရုံး မီးလောင်ပျက်စီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုံးပြန်လည်တည်ဆောက်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ချိုမြို့ စိန်ရတနာကျောင်းတိုက်၌ ကျောက်မဲခရိုင်အတွင်းရှိ အမျိုးသားဝန်ထမ်းများယာယီနေရာချထားမှု အခြေအနေကိုသွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ၏နေထိုင်စားသောက်ရေးအဆင်ပြေစေရေးအတွက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရေး မှာကြားကာ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

မြဝတီ

# ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးတက်ရောက်

နေပြည်တော် ဩဂုတ် ၁၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည်အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM) မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ယာယီရုံးအဆောက်အအုံညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)တို့အကြား ၂၀၁၅ ခုနှစ်မှစတင်၍ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးပြီး ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာမှုများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရေး၊ IOM အနေဖြင့် မြန်မာရွှေ့ပြောင်း အလုပ်သမားများနှင့် ပတ်သက်၍ အကူအညီပေးအပ်နေမှုနှင့် မြန်မာနိုင်ငံအတွင်း IOM ၏ လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့်




စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုဝန်ကြီးသည် ယာယီရုံးအဆောက်အအုံအစည်းအဝေးခန်းမ၌ကျင်းပသည့် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM)တို့အကြား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) သက်တမ်းတိုးလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ IOM မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM) ၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Iori KATO အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration–IOM)၏ အာရှ-ပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Iori KATO အား ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ဝန်ကြီးဌာနနှင့် IOM တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များ၊ ဝန်ကြီးဌာနနှင့် IOM တို့ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများပူးပေါင်းဆောင်ရွက်ခဲ့သည်မှာနှစ်ပေါင်း ၂၀ ခန့်ကြာမြင့်ခဲ့ပြီဖြစ်ရာ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ခုခံအားကျကာလသားရောဂါနှင့် တီဘီရောဂါကာကွယ်ကုသရေးလုပ်ငန်းများနှင့် နိုင်ငံတော်မှ နှစ်စဉ်အေအာတီနှင့်တီဘီရောဂါကုသရေးဆေးဝါးများ ဝယ်ယူပံ့ပိုးပေးလျက်ရှိသည့်ကိစ္စရပ်များ၊ ရွှေ့ပြောင်းလုပ်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ မန္တလေးလျှော်ဘေးသင့်ဒေသများတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ IOM ရုံးမှကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ ရွေးကောက်ပွဲကျင်းပချိန်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကိုလည်း မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ် . . .

❖ လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍လည်း စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လို. . .

❖ ကျင်းပမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်၊ မဲမသမာမှုမရှိစေရေးအတွက်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်များကို ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ထားခြင်းဖြစ်ပြီးမည်ကဲ့သို့သော မသမာမှုမျိုးမျှ ဆောင်ရွက်နိုင်မည်မဟုတ်၊ ရွေးကောက်ပွဲတွင်ပါဝင်မည့်နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကာကွယ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ် . . .

★ ရှေ့ဖုံးမှအဆက်

ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးသန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဗိုလ်ချုပ်ကြီးကျော်စွာလင်းတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ **ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့်လမ်းညွှန်မှုများပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့်ရွေးကောက်ပွဲကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ထွက်ပေါ်လာသည့် အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး မဲစာရင်းများမှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင်ပါဝင်သည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းကိုလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းဆောင်ရွက်သကဲ့သို့ မဲဆန္ဒနယ်များအလိုက် အချက်အလက်များ ကောက်ယူခြင်းနှင့် နယ်မြေများအလိုက် လုံခြုံရေးဆိုင်ရာအချက်အလက်များ ရယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန်ဖြစ်ကြောင်း၊ လွှတ်တော်မှနေ၍ သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့်ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးကြောင်း။

ရွေးကောက်ပွဲဥပဒေတွင် ဆန္ဒမဲပေးသူမည်သည့်ရာခိုင်နှုန်းရှိမှ ရွေးကောက်ပွဲအောင်မြင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ အခြားနိုင်ငံများတွင်လည်း ထိုသို့သတ်မှတ်ထားခြင်းမရှိဟု လေ့လာသိရှိရကြောင်း၊ ၅၀ ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲပေးနိုင်မည်ဆိုပါက လူထုအများစု၏ ဆန္ဒပါဝင်သည်ဟု သတ်မှတ်နိုင်မည်ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ ရွေးကောက်ပွဲကျင်းပရာတွင် ၅၀ ရာခိုင်နှုန်းအောက် မဲပေးခဲ့သည့်နိုင်ငံများလည်းရှိသကဲ့သို့ အများစုမှာ ၅၀ ရာခိုင်နှုန်းအထက် ဆန္ဒမဲပေးကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

လွှတ်တော်အစည်းအဝေး အထမြောက်ရန်အတွက် လိုအပ်သည့်ကိုယ်စားလှယ်များရရှိရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၈၅)တွင် ပထမဆုံးလွှတ်တော်အစည်းအဝေးကျင်းပရာ၌ လွှတ်တော်တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေးအထမြောက်မည်ဟု ဖော်ပြပါရှိကြောင်း၊ အထမမြောက်ပါက ဒုတိယအကြိမ်အစည်းအဝေး၌ လွှတ်တော်တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်များအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်ပါက ဒုတိယအကြိမ် အစည်းအဝေးအထမြောက်သည်ဟုဖော်ပြပါရှိကြောင်း၊ ထို့ကြောင့် လွှတ်တော်အစည်းအဝေးကျင်းပချိန်တွင် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်း တက်ရောက်နိုင်ရေး မိမိတို့အနေဖြင့် ရွေးကောက်ပွဲဆောင်ရွက်နိုင်သည့် မြို့နယ်များအားလုံး၌ ရွေးကောက်ပွဲကျင်းပနိုင်ရေး ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ မဲပေးခွင့်ရှိသူ ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် မဲဆန္ဒရှင်များလည်း ကြိုတင်မဲများဖြင့် ဆန္ဒမဲများပေးအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသူများအားလုံး မဲပေးခွင့်များမဆုံးရှုံးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပချိန်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကိုလည်း မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပါတီရုံးဖွင့်ခွင့်များရရှိရေး၊ ပါတီဝင်ခွင့်ရှိသူများ ပါတီဝင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန်လိုသကဲ့သို့ ပါတီ ၂ ပါတီ၊ ၃ ပါတီထပ်၍ ပါတီဝင်များဖောင်းပွမှု မရှိစေရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စိစစ်ကြပ်မတ်သွားရန်လိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်းအရည်အချင်းသတ်မှတ်ချက်များနှင့်ပတ်သက်၍လည်း စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ချိန်တွင် ၎င်းတို့၏ လုံခြုံရေးအတွက် မိမိတို့အနေဖြင့်စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သက်ဆိုင်ရာမြို့နယ်များအလိုက် ဆန္ဒမဲပေးနိုင်ရေး လုံခြုံရေးအရ အာမခံချက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်အပေါ် ထောက်ခံအားပေးသည့်၊ အပြုသဘောဆောင်သည့် နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲအပေါ် စောဒကတက်သည့်နိုင်ငံများလည်းရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲမသမာမှုမရှိစေရေးအတွက်လည်း မြန်မာအီလက်ထရောနစ်မဲပေးစက်များကို ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ထားခြင်းဖြစ်ပြီး မည်ကဲ့သို့သော မသမာမှုမျိုးမျှဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်မည့်နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးသည့် ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကာကွယ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့အား ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်နေမှုများနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲကာလတွင် ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် ထိရောက်သည့်ဟန့်တားကာကွယ်မှုများ ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်ကျူးလွန်သူများကိုလည်း ဝိုင်းဝန်းပူးပေါင်းဖော်ထုတ်ရမည်ဖြစ်ပြီး တရားစီရင်ရေးကဏ္ဍအနေဖြင့်လည်း အမြန်ဆုံးတရားစီရင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သာမန်အမှုအခင်းမျိုးမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများ၏ လုံခြုံရေးကိုထိခိုက်စေမည့် ကျူးလွန်မှုဖြစ်သဖြင့် ထိရောက်သည့် တရားစီရင်မှုများဖြင့် အမြန်ဆုံးတရားစီရင်နိုင်ရန်လိုအပ်မည်ဖြစ်ကြောင်း။

ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနိုင်မှုနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ စာရင်းများအရ တစ်နိုင်ငံလုံးတွင် လက်ရှိကျောင်းတက်ရောက်နေသူဦးရေ ၇ သန်းကျော်ခန့်ရှိသည်ဟုသိရှိရကြောင်း၊ ယခင်နှစ်က ဖွင့်လှစ်သင်ကြားခဲ့သည့် စာသင်ကျောင်းများအနက် ယခုနှစ်တွင် မဖွင့်လှစ်နိုင်သည့် ကျောင်းများရှိသကဲ့သို့ ယခင်နှစ်တွင်ဖွင့်လှစ်နိုင်မှုမရှိခဲ့သည့် ကျောင်းများအနေဖြင့် ယခုနှစ်တွင် ဖွင့်လှစ်နိုင်သည်များလည်း ရှိကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိဖွင့်လှစ်သင်ကြားနေသည့် ကျောင်းများအား သဘာဝဘေးအန္တရာယ်ကြောင့် မဖြစ်မနေပိတ်ရသည်မှအပ ကျောင်းပိတ်ရခြင်းများ မရှိစေရေး အလေးထားအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဟူသည့်အတိုင်း ပညာရေးသည် နိုင်ငံအတွက်အလွန်အရေးကြီးကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ၂၀၂၅-၂၀၂၆ ခုနှစ် စာရင်းဇယားများကိုကြည့်ရှုခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနေဖြင့် ကျောင်းတက်ရောက်သူဦးရေ မပြည့်မီခြင်း၊ တန်းစဉ်ကူးပြောင်းမှုအားနည်းခြင်းများကိုတွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပညာရေးအားနည်းလာမှုအပေါ် သုတေသနပြုလုပ်အဖြေရှာသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့်လည်း ပညာရေးအားကောင်းလာစေရန် အထူးအလေးပေးဆောင်ရွက်သွားရန်လိုအပ်မည်ဟု ပြောကြားလိုကြောင်း။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ လတ်တလောကာလအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ ဖမ်းဆီးရမိမှုများရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်တားဆီးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုများကိုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများရှိ လက်နက်ကိုင်အကြမ်းဖက်သမားများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများမှ ကောက်ခံရရှိနေသည့်ဆက်ကြေးများဖြင့်

**❖ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့အား ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်နေမှုများနှင့် ပတ်သက်၍လည်း ရွေးကောက်ပွဲကာလတွင် ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် ထိရောက်သည့် ဟန့်တားကာကွယ်မှုများ ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်၊ ထိုကဲ့သို့ လုပ်ဆောင်ကျူးလွန်သူများကိုလည်း ဝိုင်းဝန်းပူးပေါင်းဖော်ထုတ်ရမည်ဖြစ်ပြီး တရားစီရင်ရေးကဏ္ဍအနေဖြင့်လည်း အမြန်ဆုံးတရားစီရင်နိုင်ရန်လိုအပ်မည်ဖြစ် . . .**

**❖ တရားမဝင်ကုန်သွယ်မှုဆောင်ရွက်နေမှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ကြရန်လို . . .**

**❖ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အွန်လိုင်းငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတို့နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အလေးထားကိုင်တွယ်ဆောင်ရွက်သွားရမည်ဖြစ် . . .**

ၚင်းတို့အင်အားကို ပိုမိုတည်ဆောက်လာမည်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက်တိုက်ဖျက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုဆောင်ရွက်နေမှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါကလည်း တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးပျက်ခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှိ အဖိုးတန်သယံဇာတများကို မှောင်ခိုလမ်းကြောင်းများမှ ခိုးထုတ်ပြီး တရားမဝင်ကုန်စည်များကို ခိုးသွင်းခြင်းများဆောင်ရွက်ခဲ့ကြသဖြင့် စီးပွားရေးအားကောင်းလာမှုမရှိခြင်းဖြစ်ကြောင်း၊ **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်မှုရှိမှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း အစဉ်အားကောင်းနေနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ထို့နောက် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ်က တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်များ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အပိုင်းလိုက်ကျင်းပနိုင်မည့် အခြေအနေသုံးသပ်ချက်၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ဖြန့်ခွဲအသုံးပြုနိုင်မှု၊ လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကနှစ်အလိုက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာနှိုင်းယှဉ်ချက်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးအဖွဲ့များဖွဲ့စည်းထားရှိမှု၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)က တိုင်းစစ်ဌာနချုပ်များနှင့် နယ်မြေအလိုက် စစ်ဆင်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြို့နယ်များအလိုက် ရွေးကောက်ပွဲများ ပိုမိုတိုးချဲ့ကျင်းပနိုင်ရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပမဲဆန္ဒရှင်များအတွက် ကြိုတင်မဲပေးနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်ချက်များအရ ကုလသမဂ္ဂအဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ပြဋ္ဌာန်းချက်မရှိသည့်နိုင်ငံ ၁၂၃ နိုင်ငံရှိပြီး နိုင်ငံပေါင်း ၇၀ တွင် ကြိုတင်မဲပေးခြင်းစနစ် လက်ခံကျင့်သုံးလျက်ရှိမှု၊ ထိုနိုင်ငံ ၇၀ အနက် ၅၄ နိုင်ငံတွင် ပြည်တွင်းနှင့်ပြည်ပ ကြိုတင်မဲနှစ်မျိုးလုံးခွင့်ပြုပြီး ၁၆ နိုင်ငံတွင် ပြည်တွင်းကြိုတင်မဲသာခွင့်ပြုထားမှု၊ ထိုသို့ ကြိုတင်မဲပေးခွင့်ပြုရာတွင်လည်း နိုင်ငံ ၁၅ နိုင်ငံကသာ မဲဆန္ဒရှင်များအားလုံးကို လွတ်လပ်စွာကြိုတင်မဲပေးခွင့်ပြုထားပြီး ကျန်နိုင်ငံ ၅၅ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ရှိသူ မဲဆန္ဒရှင်အမျိုးအစားများကို သီးခြားသတ်မှတ်ထားမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ EAO များ၏ လှုပ်ရှားမှုများ၊ တပ်မတော်အနေဖြင့် စစ်ဆင်ရေးနှင့် လုံခြုံရေးဆိုင်ရာများတွင် တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်မှုများ၊ မူးယစ်ဆေးဝါးနှင့် တရားမဝင် မှောင်ခိုလုပ်ငန်းများ၊ တရားမဝင်လုပ်ငန်းများ နှိမ်နင်းရေးဆောင်ရွက်မှုများကို တပ်မတော်နှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## အထွေထွေဆွေးနွေး

ထို့နောက် ကော်မရှင်အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အစိုးရအဖွဲ့ဝန်ကြီးဌာနများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ပညာရည်မြှင့်တင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကော်မရှင်အဖွဲ့ဝင်၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ ပို့ဆောင်နေမှုအခြေအနေများ၊ ရွေးကောက်ပွဲနည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များအသုံးပြုမှုနှင့်ပတ်သက်၍ ပြည်သူများသိရှိနားလည်စေရေး မီဒီယာများမှ အသိပညာပေးလျက်ရှိမှု၊ ဆန္ဒမဲပေးခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲပေးကြစေရေး၊ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်မှသာ ပြည်သူများလိုလားတောင့်တလျက်ရှိသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်မည့်အခြေအနေများအား အများပြည်သူသိရှိအောင် ဆောင်ရွက်သွားရန်လိုအပ်မှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## ဖြည့်စွက်မှာကြား

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပနိုင်မည့် မြို့နယ်များ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်ရမည့်စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲအား အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည့် အခြေအနေများနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံရေးပါတီများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ ပါတီရုံးများလုံခြုံရေး၊ ရပ်ကွက်အလိုက်လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ အရည်အချင်းရှိသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး ဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မီဒီယာများမှ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပညာပေးမှုများဆောင်ရွက်သွားရမည့်အခြေအနေများ၊ ဒီမိုကရေစီစနစ်ကို လိုလားသူများအနေဖြင့် ရွေးကောက်ပွဲဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး အားပေးထောက်ခံမှုများကို မြှင့်တင်ဆောင်ရွက်ပေးသွားရမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်မှာကြားသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲ အောင်မြင်မှုမရှိစေရေး အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ ထိုးနှက်မှုများကိုလည်း လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစားမှု စသည်တို့ဖြင့် တစ်ဖက်လှည့်ထိုးနှက်မှုများ လုပ်ဆောင်လာနိုင်ပြီး နိုင်ငံ၏လုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သည့် အသွင်ဖြင့် ပုံဖော်လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုထက်ပိုမို၍ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

သုတကျော်

# အမြို့မြို့အနယ်နယ်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပ



## စစ်တွေ

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ၊ လူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြား၍ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံရယူကာ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်လူမှုရေးရာဝန်ကြီးက ဖတ်ကြားပြီး လူငယ်လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်းအားပြသသည်။ ရခိုင်ရိုးရာအကအဖွဲ့က အရောက်လာလည်လေးရပ်မြေတေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် လူငယ်စကားဝိုင်းကို စစ်တွေတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (စစ်တွေ)တို့မှ မဟာအရည်အချင်းစစ်ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှု၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ လူငယ်နှင့်မူးယစ်ဆေးဝါးကျား၊ မတန်းတူညီမျှရေး၊ လူငယ်နှင့် AI နည်းပညာ၊ ထိန်းသိမ်းစို့လေ ရိုးရာအမွေစသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသောလူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသူများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ခန်းမအတွင်း အပြည်ပြည်ဆိုင်ရာလူငယ်များနေ့လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံနှင့်ပိုစတာများပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

## မော်လမြိုင်

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာပညာရေးဌာနမှလူငယ်စွမ်းရည်တေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားကာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့သည့်သဝဏ်လွှာကို မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းက ဖတ်ကြား၍ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသကြည့်ရှုသည်။



ဆက်လက်၍ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့က "သာယာလှပ မွန်ဒေသ" သီချင်းဖြင့် ဖျော်ဖြေပြီး ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးရရှိသူများကို ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လူရည်ချွန်ဆုရရှိကြသူများ၊ စံပြကြက်ခြေနီဆုရရှိကြသူများနှင့် လူငယ်များနေ့အထိမ်းအမှတ် ကဏ္ဍအလိုက် ထူးချွန်လူငယ်များကိုဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်းပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက်သားဖွားသင်တန်းကျောင်းမှ သင်တန်းသူလေးများက "အလှကမ္ဘာမြေ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုဆုငွေများပေးအပ်၍ ခန်းမအတွင်း ခင်းကျင်းပြသထားသော လူငယ်ရေးရာလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ဟားခါး

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခေတ္တလူမှုရေးရာဝန်ကြီးက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားကာ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုရရှိခဲ့သောလူငယ်အားကစားသမားသုံးဦး၊ အဆင့်မြင့်ပညာအဆင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ စာစီစာကုံးပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(ခရိုင်ပြန်/ဆက်)**

## လှိုင်ကော်

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်လူငယ်ရေးရာကော်မတီဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့သည့်သဝဏ်လွှာကို လူမှုရေးရာဝန်ကြီးက ဖတ်ကြားကာ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ပြသမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အားကစားနှင့် ပညာရေးကဏ္ဍတွင် ထူးချွန်ဆုရရှိသောလူငယ်များကို ဆုများချီးမြှင့်ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲတွင်တိုက်ကွမ်ဒိုအားကစားနည်းဖြင့် ရွှေတံဆိပ်ဆုရရှိခဲ့သည့်အားကစားသမားနှစ်ဦးနှင့်ဗဟိုအဆင့် အခြေခံပညာ(မူလတန်းအဆင့်) အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် Grade -5 ကျောင်းသားတစ်ဦးတို့ကို ဆုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုနှင့် ဂျူဒိုအားကစားနည်းတွင် ငွေတံဆိပ်ဆုရရှိသူများကို ပြည်နယ်တရားသူကြီးချုပ်၊ ဂျူဒိုနှင့် တိုက်ကွမ်ဒို အားကစားနည်းတွင် ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုရရှိသူများကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုက်ကွမ်ဒိုအားကစားနည်းတွင် ကြေးတံဆိပ်ဆုရရှိသူများကို စီးပွားရေးရာဝန်ကြီး၊ ဂျူဒိုအားကစားနည်းတွင် ကြေးတံဆိပ်ဆုရရှိသူများကို သယံဇာတရေးရာဝန်ကြီးနှင့် ပြေးခုန်ပစ် မီတာ ၅၀၀၀ နှင့် မီတာ ၈၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသူများကို လူမှုရေးရာဝန်ကြီးတို့က ဆုများချီးမြှင့်ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၊ အားကစားသမားများ၊ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခင်စောတင့်**

## မြစ်ကြီးနား

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် လူငယ်စွမ်းရည်ပြိုင်ပွဲ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ တိုင်းရင်းသားတေးသရုပ်ဖော်အက၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများ၏ ရှမ်းတိုင်းရင်းသားရိုးရာအကနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်လူငယ်ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုတို့ကို ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အဖြစ် သုံးရက်တာ ကျင်းပခဲ့သည့်သီချင်းဆိုပြိုင်ပွဲ၊ အဆင့်မြင့်ပညာ၊ အခြေခံပညာအဆင့် စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် စာစီစာကုံး၊ ကဗျာစပ်ဆို၊ ပန်းချီနှင့် ပုံပြင်ပြောပြိုင်ပွဲများ၊ ပြခန်းခင်းကျင်းပြသဆုနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ဒိုင်အဖြစ် ပါဝင်ကူညီသူများနှင့်စာပေဟောပြောပွဲတွင်ပါဝင်ကြသည့် စာရေးဆရာများအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြပြီး ခန်းမအတွင်းပြသထားသည့် စာအုပ်စာစောင်များ၊ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူလေးများ၏ ပညာရေးဆိုင်ရာစွမ်းရည်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**ယဉ်ယဉ်ဝင်း**

**စာမျက်နှာ ၂၆ သို့ ❖**




## Kabar Aim COMPANY LIMITED.
## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ(၁၄၇)
## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးသန်းထွန်းမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမှုခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်နေ့မှစ၍ စာရင်းရှင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း (LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၄)အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်း နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U SHIN NYEIN | U Than Tun |
| ADVOCATE (SR. NO. 4644) | Managing Director |
| LIQUIDATOR | Kabar Aim Company Limited |
| MAIP MEMBERSHIP NO.00173 | |

### ပျောက်ဆုံးကြောင်း
ပြည့်စုံ(ဘ)ဦးငွေလွင် ၁၂/အလန(နိုင်)၀၄၆၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 393172)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဒေါ်ခင်လေးစပယ်(ဘ)ဦးမြင့်ကျော် ၁၀/သထန(နိုင်)၀၇၁၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၃၀၂၆၅၀၀

### ပျောက်ဆုံးကြောင်း
အေးချမ်းမွေး(ဘ)ဦးတင်အေးခိုင် ၉/မခန(နိုင်)၂၇၇၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၂၇၁၆၃၁၈

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ အထက၊ G-12 တွင် ပညာသင်ကြားနေသော မောင်ပိုင်ကိုကိုဇင် ၇/ပတန(နိုင်)၁၇၃၆၉၉ ၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၁၄/အဂပ(နိုင်)၁၃၀၅၀၆ ဖြစ်ပါကြောင်း။ ဦးထွန်းထွန်း

### ပျောက်ဆုံးကြောင်း
ဦးဝေလင်း(ဘ)ဦးဝင်းမြင့် ၉/မခန(နိုင်)၀၂၆၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၅၃၁၅၆၇

### ပျောက်ဆုံးကြောင်း
မိန်ဆင်(ဘ)ယန်ကွေ ၁၃/မတတ(နိုင်)၀၂၆၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 303593)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### အမည်မှန်
အထက(၅)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-7 မှ စောဝါးနေ ၁၄/ပပတ(နိုင်)၂၀၂၂၅၉ ၏သမီး နော်ဆန်းဒေးမူးဖော အား နော်စန်းဒေးမူးဖေါဟု ပြောင်းလဲခေါ်ဆိုပါရန်။ နော်စန်းဒေးမူးဖေါ

### ပျောက်ဆုံးကြောင်း
ဇင်မီမီခိုင်(ဘ)ဦးတင်အုံး ၁၂/တကန(နိုင်)၂၄၇၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကိုကိုကြီး(ဘ)ဦးရွှေ၁၂/ဥကမ(နိုင်)၁၁၀၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 138410)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အိအိသွယ်(ဘ)ဦးဝင်းခိုင် ၈/ရနခ(နိုင်)၁၆၁၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မာလာနွယ်(ဘ)ဦးမာမက်ဟူစိန် ၁၂/ခရန(နိုင်)၁၃၇၈၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၇၉၁၀၃၀

### ပျောက်ဆုံးကြောင်း
မနွယ်နီဝင်း(ဘ)ဦးခင်မောင်ရွှေ ၉/တတဥ(နိုင်)၁၄၅၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

### မိခင်အမည်မှန်
ဘားအံမြို့၊ အထက(ကော့ကျိုက်)Grade-12မှနန်းတင်တင်အေး ၃/ဘအန(နိုင်)၅၆၅၄၇၄ ၏မိခင်အမည်မှန်မှာ နန်းအမိ ၃/ဘအန(နိုင်)၂၈၂၂၈၁ ဖြစ်ပါကြောင်း။
နန်းအမိ

### မိခင်အမည်မှန်
ဘားအံမြို့၊ အထက(ကော့ကျိုက်)Grade-12 မှ မစိုးမြရတနာ၏ မိခင်အမည်မှန်မှာ ဒေါ်နီမာဦး ၃/ဘအန(နိုင်)၂၃၂၁၀၉ ဖြစ်ပါကြောင်း။
ဒေါ်နီမာဦး

### ဖခင်အမည်မှန်
ဘားအံမြို့၊အထက(ကော့ကျိုက်)Grade-12 မှ နန်းမြတ်ကေသီအောင် ၃/ဘအန(နိုင်)၅၅၆၅၂၃ ၏ဖခင်အမည်မှန်မှာ ဦးခွန်သန်းအောင်၃/ဘအန(နိုင်)၁၃၃၇၂၂ ဖြစ်ပါကြောင်း။
ဦးခွန်သန်းအောင်

### ဖခင်အမည်မှန်
ဘားအံမြို့နယ်၊ အထက(ခွဲ)အုန်းတပင် Grade-10 မှ မောင်ရှင်းနေလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၃/ကကရ(နိုင်)၁၂၄၉၆၅ ဖြစ်ပါကြောင်း။
ဦးမျိုးအောင်

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က (ချောင်းဆုံ)၊ Grade-11(B)မှ နော်အိခိုင်ဦး၏ ဖခင်အမည်မှန်မှာ ၃/ဘအန(နိုင်)၃၃၉၁၁၉ ကိုင်ဆောင်သူ ဦးမောင်စိန်မြင့်ဖြစ်ပါကြောင်း။
ဦးမောင်စိန်မြင့်

### ဖခင်အမည်မှန်
ဘားအံမြို့၊အထက(တောင်ကလေး)Grade-11 အခန်း(B) မှ နန်းချစ်ချစ်မိုး ၃/ဘအန(နိုင်)၅၅၈၂၇၇ ၏ဖခင်အမည်မှန်မှာ ဦးအေးသိန်း ၃/ဘအန(နိုင်)၂၂၉၉၆၆ ဖြစ်ပါကြောင်း။
ဦးအေးသိန်း

### မိခင်အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က (ချောင်းဆုံ)၊ Grade-11(B) မှ မောင်စွမ်းထက်အောင်၏ မိခင်အမည်မှန်မှာ ၁၀/ခဆန(နိုင်)၀၇၀၄၆၃ ကိုင်ဆောင်သူ ဒေါ်မြင့်မြင့်အေး ဖြစ်ပါကြောင်း။ ဒေါ်မြင့်မြင့်အေး

### မိခင်အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က (ချောင်းဆုံ)၊ Grade-11(A) မှ မနှင်းသဇင်ဦး၏ မိခင်အမည်မှန်မှာ ၁၀/ခဆန(နိုင်)၁၁၀၃၆၁ ကိုင်ဆောင်သူ ဒေါ်ချောစုအောင် ဖြစ်ပါကြောင်း။ ဒေါ်ချောစုအောင်

### အမည်မှန်
ဘားအံမြို့နယ်၊ အထက(ခွဲ)အုန်းတပင် Grade-1 မှ အဘ ဦးနိုင်ကိုဦး ၁၂/အစန(နိုင်)၂၁၄၇၇၆ ၏သား မောင်သင့်မြတ်သူရိန်ဦး၏ အမည်မှန်မှာ စောသင့်မြတ်သူရိန်ဦးဖြစ်ပါကြောင်း။ စောသင့်မြတ်သူရိန်ဦး

### အမည်မှန်
ဘားအံမြို့၊ အထက(၁)Grade-3 မှ မောင်သုတလင်း၏ အမည်မှန်မှာ မောင်လင်းထက်အောင်ဖြစ်ပါကြောင်း။
မောင်လင်းထက်အောင်

### ပျောက်ဆုံးကြောင်း
မဥ္ဇူခိုင်(ဘ)ဦးဂင်တိတ် ၁၂/လမတ(နိုင်)၀၃၁၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 292233)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က (ချောင်းဆုံ)၊ Grade-10(D) မှ မောင်ထွန်းထွန်းအောင်၏ဖခင်အမည်မှန်မှာ ၁၀/ခဆန(နိုင်)၁၂၁၄၃၄ ကိုင်ဆောင်သူ ဦးရဲထွန်းနိုင်ဖြစ်ပါကြောင်း။ ဦးရဲထွန်းနိုင်

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က (ချောင်းဆုံ)၊ Grade-11(C) မှ မသဲစုဝေ၏ဖခင်အမည်မှန်မှာ ၁၀/ခဆန(နိုင်)၀၉၇၀၃၃ ကိုင်ဆောင်သူ ဦးစိုးလွင်ဖြစ်ပါကြောင်း။
ဦးစိုးလွင်

### ပျောက်ဆုံးကြောင်း
ဖြိုးမင်းမင်းသိန်း(ဘ)ဦးသိန်းမြင့် ၁၂/ဗဟန(နိုင်)၀၁၇၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
နေလင်းကျော်(ဘ)ဦးငွေအောင်၁၂/ဥကတ(နိုင်)၁၈၄၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၅၅၅၂၈၂၂

### ပျောက်ဆုံးကြောင်း
သူရမောင်(ဘ)ဦးမောင်မောင်အေး၉/မထလ(နိုင်)၂၃၇၈၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ကုမ္ပဏီ "မ"တည်ငွေပြောင်းလဲခြင်းကိစ္စ
Triangle Force Co.,Ltd. ၏ ကုမ္ပဏီ "မ"တည်ရင်းနှီးငွေကျပ် ၅၀,၀၀၀,၀၀၀/-(ကျပ်သိန်းငါးရာတိတိ)မှ ကျပ်သိန်း ၁၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ရာတိတိ)သို့ (၀၇-၀၈-၂၀၂၅)ရက်နေ့တွင် ကုမ္ပဏီ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

### မိဘအမည်မှန်
ပဲခူးမြို့နယ်၊ အ.ထ.က ဘုရားကြီးကျောင်း၊ Grade-12 မှ မအိသန္တာဝင်း နှင့် Grade-10 မှ မခင်သန္တာဝင်းတို့၏ မိဘအမည်မှန်မှာ ဦးဝင်းမင်းထွန်းနှင့် ဒေါ်စိန်စိန်သန်းတို့ဖြစ်ပါကြောင်း။
ဦးဝင်းမင်းထွန်း-ဒေါ်စိန်စိန်သန်း

### ပျောက်ဆုံးကြောင်း
ဝိုင်းမော်မြို့နယ်၊ ဂါးရာယန်ကျေးရွာနေ ဒေါ်ကော့လုံ(ဘ)ဦးအင်ဂွမ်နော် ၁/ဝမန(နိုင်)၀၄၇၁၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 154519)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၉၉၁၅၁၆

## နတ်သြဇာလက်ဖက်နှင့် အကြော်စုံကုန်အမှတ်တံဆိပ်နှင့် ပတ်သက်၍ အများသိစေရန် အသိကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ (၄)ရပ်ကွက်၊ ရာဇကုမာရလမ်း၊ အမှတ်-ဆ/၁၇ တည်ရှိသော THI RI WAI SHAN INTERNATIONAL TRADING COMPANY LIMITED(Registration No.123542630)သည် အောက်တွင်ပါရှိသောအမှတ်တံဆိပ်အမည်အား ကုမ္ပဏီ၏မူပိုင်အဖြစ် အသုံးပြုရန်အတွက်ရည်ရွယ်ကာ မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့်ဖန်တီးထားသော ကုန်အမှတ်တံဆိပ်ဖြစ်ပါသည်။

"နတ်သြဇာလက်ဖက်နှင့် အကြော်စုံ" အမှတ်တံဆိပ်အမည်ဖြင့် အဆင့်မြင့်လက်ဖက်အစို၊ လက်ဖက်အညွန့်ဆီစိမ်၊ လက်ဖက်အညွန့်ချဉ်စပ်၊ လက်ဖက်ထမင်းချဉ်စပ်(လက်ဖက်အရသာအမျိုးမျိုးနှင့် လက်ဖက်နှင့်တွဲဖက်သုံးဆောင်သောအကြော်စုံတို့ကို THI RI WAI SHAN INTERNATIONAL TRADING COMPANY LIMITED မှ အဆင့်မြင့်ထုတ်လုပ်၍ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချခြင်း၊ ကိုယ်စားလှယ်ပေးခြင်းနှင့် Social Media တွင် ကြော်ငြာခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အထက်ပါအမှတ်တံဆိပ်အမည်ဖြင့် အသုံးပြုလျက်ရှိပါသည်။

အထက်ပါ "နတ်သြဇာလက်ဖက်နှင့်အကြော်စုံ" အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနတွင် "နတ်သြဇာလက်ဖက်နှင့်အကြော်စုံ" အမှတ်တံဆိပ်အား Classtification No.,29.,35 တို့နှင့် မူပိုင်ခွင့်ရရှိရေး မှတ်ပုံတင်သွင်းမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ သတိပေးတားမြစ်ချက်အပေါ်လိုက်နာခြင်းမရှိပါက မြန်မာနိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်သွားမည့်အပြင် တုပပြုလုပ်သည့် တံဆိပ်အမှတ်အသားအမည်တို့ကို ဖျက်သိမ်းပျယ်ပြက်သွားသည်အထိ ဆောင်ရွက်အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

THI RI WAI SHAN INTERNATIONAL TRADING COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ

Genius Law Firm

| | |
|---|---|
| **ဒေါ်မြင့်မြင့်စန်း(LL.B.,Advocate)** | **ဒေါ်ခင်ဝတ်ရည်ဦး(LL.B., D.B.L., D.I.L)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၆၃၇၂/၁၉၉၇) | (စဉ်-၁၃၉၇၉/၂၀၁၇) |

အမှတ်-၆၄/၆၆၊ (၇ ဘီ)၊ ရေဝဏ်ကွန်ဒို၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉-၄၄၃၀၀၅၇၃၃၊ ၀၉-၂၆၀၀၀၅၇၃၃၊ ၀၉-၉၆၆၃၂၃၈၃၆။

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## မော်လမြိုင်ခရိုင်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၄

| | | |
|---|---|---|
| ဒေါ်သီတာဝင်း | နှင့် | ဦးမောင်လွန်း |
| (တရားလို) | | (တရားပြိုင်) |

**ရေးမြို့၊ (၉)မိုင်ကျေးရွာ၊ ရပ်ကွက်(၁)၊ အမှတ်(၂၅)နေ တရားပြိုင် ဦးမောင်လွန်း(ယခုနေရပ်လိပ်စာမသိ)**သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုကြောင့် လင်မယားကွာရှင်းပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၊ ၁၅ ရက်။ (၁၃၈၇ ခု၊ ဝါခေါင်လဆုတ် ၇ ရက်)**နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရေးရှင်းလင်းရန်၊ ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

**၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၊ ၁ ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ဌေးမင်း**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မော်လမြိုင်ခရိုင်တရားရုံး**

## စာပေမြှင့်မှ လူမျိုးတင့်မည်

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံနည်းပညာတက္ကသိုလ်(Mechanical-နောက်ဆုံးနှစ်)မှ မဖြိုးအိအိထွန်း ၁၀/ကမရ(နိုင်)၁၉၂၆၄၈ ၏မိဘများဖြစ်ကြသည့် ဖခင် ဦးထွန်းရှင်(ခ)ဦးအဲရှာတ် ၁၀/ကမရ(နိုင်)၁၉၁၆၂၇ နှင့်မိခင် ဒေါ်ခင်ခင်ဝင်း(ခ)မနူရ်မာဘီ ၁၀/ကမရ(နိုင်)၁၈၈၉၁၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းရှင်(ခ)ဦးအဲရှာတ်**
**ဒေါ်ခင်ခင်ဝင်း(ခ)မနူရ်မာဘီ**

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုကျေးရွာနေ နန်းဝေမာဦး(ဘ) ဦးစောငြိမ်းဝင်း ၃/မဝတ(နိုင်)၀၄၉၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၉၅၂၈၂၈၀

# ပဲလေ့စ်အသင်းက အယူခံရှုံးနိမ့်မှုကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲယှဉ်ပြိုင်ကစားခွင့်ရမည်မဟုတ်ဘဲ ကွန်ဖရင့်လိဂ်ပြိုင်ပွဲသာ ယှဉ်ပြိုင်ကစားခွင့်ရမည်



လန်ဒန် ဩဂုတ် ၁၂

ပရီးမီးယားလိဂ်ကလပ် ပဲလေ့စ်အသင်းအနေဖြင့် ကမ္ဘာ့အားကစားသမာဓိခုံရုံးထံ အယူခံတင်သွင်းရာမှ ရှုံးနိမ့်မှုကြောင့် ယခုဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရရှိမည်မဟုတ်ဘဲ ကွန်ဖရင့်လိဂ်ပြိုင်ပွဲသာ ပါဝင်ယှဉ်ပြိုင်ကစားခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားဗိုလ်လုပွဲတွင် အနိုင်ရရှိပြီး ချန်ပီယံဖြစ်ခဲ့သောကြောင့် ဥရောပပြိုင်ပွဲဖြစ်သည့် ယူရိုပါလိဂ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ပြင်သစ်ကလပ် လိုင်ယွန်အသင်းနှင့် ပဲလေ့စ်အသင်းတို့မှာ ပိုင်ရှင်တစ်ဦးတည်းဖြစ်နေ၍ ယူအီးအက်ဖ်အေ၏စည်းမျဉ်းအရ လိုင်ယွန်အသင်းသာ ယူရိုပါလိဂ်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ပဲလေ့စ်အသင်းမှာမူ အမှတ်ပေးဇယားရပ်တည်မှုအဆင့်နိမ့်သည့်အတွက် ကွန်ဖရင့်လိဂ်ပြိုင်ပွဲသာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါနှစ်သင်းစလုံးကိုပိုင်ဆိုင်သည့် အမေရိကန်လုပ်ငန်းရှင် ဂျွန်တက်စ်တာသည် ပြီးခဲ့သည့်ဇွန်လတွင် ပဲလေ့စ်အသင်း၏ရှယ်ယာ ၄၃ ရာခိုင်နှုန်းကို ပြန်လည်ရောင်းထုတ်သကဲ့သို့ လိုင်ယွန်အသင်း၏ ကြီးကြပ်အုပ်ချုပ်သူနေရာမှ ထွက်ခွာခဲ့သော်လည်း သတ်မှတ်ရက်ထက် နောက်ကျခဲ့သောကြောင့် အယူခံမအောင်မြင်ခဲ့သည့်အပြင် ပဲလေ့စ်အသင်းအနေဖြင့် ကမ္ဘာ့အားကစားသမာဓိခုံရုံးတွင် အယူခံဝင်တင်ပြခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၇)နေရာ၌ ရပ်တည်နေသည့် နော်တင်ဟမ်အသင်းက ယူရိုပါလိဂ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိခဲ့ပြီး ပဲလေ့စ်အသင်းက ကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ယူရိုပါလိဂ်ပြိုင်ပွဲယှဉ်ပြိုင်ကစားခွင့်မရရှိခြင်းကြောင့် အသင်း၏ အသားတင်ကွင်းဝင်ကြေး ပေါင်သန်း ၂၀ ခန့် ဆုံးရှုံးခဲ့ရသည်။

ပဲလေ့စ်အသင်းသည် ကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် ယခုလနှောင်းပိုင်း၌ နော်ဝေကလပ်ဖရိုင်းဒစ်စတက်နှင့် မက်ဂျီလန်းအသင်းတို့ထဲမှ တစ်သင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ *Ref; Goal.com*

## ဘာစီလိုနာအသင်းနှင့် ဗီလာရီးယဲလ်အသင်းတို့၏ပွဲစဉ်ကို အမေရိကန်နိုင်ငံ၌ကစားရန် စပိန်လာလီဂါဘောလုံးအဖွဲ့ချုပ်ခွင့်ပြု

မက်ဒရစ် ဩဂုတ် ၁၂

စပိန်လာလီဂါဘောလုံးအဖွဲ့ချုပ်သည် လာမည့်ဒီဇင်ဘာလတွင် ကစားမည့် ဘာစီလိုနာအသင်းနှင့် ဗီလာရီးယဲလ်အသင်းတို့၏ ပွဲစဉ်ကို အမေရိကန်နိုင်ငံ၌ ကစားရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

စပိန်လာလီဂါဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဘာစီလိုနာနှင့်ဗီလာရီးယဲလ်အသင်းတို့၏ လာလီဂါပွဲစဉ်(၁၇)ကို အမေရိကန်နိုင်ငံ မိုင်ယာမီရှိ Hard Rock ဘောလုံးကွင်း၌ယှဉ်ပြိုင်ကစားရန်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်သည် နိုင်ငံရပ်ခြားတွင် ကစားမည့် ပထမဆုံး ဥရောပလိဂ်ပွဲစဉ် ဖြစ်လာနိုင်ဖွယ်ရှိသော်လည်း စပိန်လာလီဂါဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဖီဖာနှင့် ယူအီးအက်ဖ်အေတို့၏ ခွင့်ပြုချက်ရရှိရန် လိုအပ်လျက်ရှိသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ်များအတွင်း စပိန်စူပါဖလားပွဲစဉ်များနှင့် အီတာလီယာစူပါဖလားပွဲစဉ်များကို နိုင်ငံရပ်ခြားတွင် သွားရောက်ကစားခဲ့ကြပြီး ယခုအခါ ပြည်တွင်းလိဂ်ပွဲစဉ်များကိုပါ သွားရောက်ကစားရန် ကြိုးပမ်းလာခဲ့ကြခြင်းဖြစ်သည်။

အလားတူ အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း ကိုမိုအသင်းနှင့် အေစီမီလန်အသင်းတို့၏ စီးရီးအေပွဲစဉ်ကို ဩစတြေးလျနိုင်ငံ၌ သွားရောက်ကစားရန် စီစဉ်နေကြောင်း သိရသည်။ *Ref; Fotmob*

# ဖိုဖာနာနှင့် ချာလိုဗက်တို့ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် ပါဝင်ကစားမည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ မာရက်စကာ အတည်ပြု

လန်ဒန် ဩဂုတ် ၁၂


ချယ်လ်ဆီးအသင်းနည်းပြ မာရက်စကာက အသင်းခံစစ်ကစားသမားများဖြစ်ကြသည့် ဖိုဖာနာနှင့် ချာလိုဗက်တို့နှစ်ဦး ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် ပါဝင်ကစားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဩဂုတ်လ ၁၇ ရက်တွင် ပဲလေ့စ်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ခံစစ်ကစားသမား ဖိုဖာနာနှင့် ချာလိုဗက်တို့နှစ်ဦး ပါဝင်ကစားမည်ဟု အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား ဖိုဖာနာသည် ပြီးခဲ့သည့်မတ်လအတွင်းက တံကောက်ကြောဒဏ်ရာကြောင့် အနားယူခဲ့ရသော်လည်း လက်ရှိတွင် အသင်းနှင့်အတူ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နေပြီဖြစ်သကဲ့သို့ ချာလိုဗက်သည် အေစီမီလန်အသင်းကို ၄ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် နောက်ဆုံးခြေစမ်းပွဲတွင် လူစားလဲကစားခဲ့ရာ ဒဏ်ရာပြဿနာကြောင့်ဖြစ်သည်ဆိုသည့်မေးမြန်းမှုများကို နည်းပြမာရက်စကာက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

နည်းပြမာရက်စကာက "ပဲလေ့စ်အသင်းနဲ့ပွဲစဉ်မှာ ဖိုဖာနာ ပြန်လည်ပါဝင်လာမှာပါ။ နောက်ပြီး ချာလိုဗက်ကလည်း အဆင်ပြေပါတယ်။ အေစီမီလန်အသင်းနဲ့ပွဲမှာ ရာသီဥတုအရမ်းပူနေလို့ သူအနားယူဖို့ လိုအပ်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref; Fotmob*



# ကွန်မြူနတီဒိုင်းပြိုင်ပွဲတွင်ရှုံးနိမ့်မှုသည် စိတ်ပျက်ဖွယ်ရာဘောလုံးရာသီအဖွင့်ပွဲစဉ်ဖြစ်ကြောင်း လီဗာပူးအသင်းခေါင်းဆောင်ဗန်ဒိုက်ပြောကြား

လန်ဒန် ဩဂုတ် ၁၂

လီဗာပူးအသင်းခေါင်းဆောင်ဗန်ဒိုက်က ကွန်မြူနတီဒိုင်းပြိုင်ပွဲတွင် ရှုံးနိမ့်မှုသည် စိတ်ပျက်ဖွယ်ရာဘောလုံးရာသီအဖွင့်ပွဲစဉ်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်လက်ရှိချန်ပီယံ လီဗာပူးအသင်းသည် ဩဂုတ်လ ၁၀ ရက်က အက်ဖ်အေဖလားချန်ပီယံ ပဲလေ့စ်အသင်းနှင့် ယခုဘောလုံးရာသီအဖွင့် ကွန်မြူနတီဒိုင်းဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ပြီး အသင်း၏ ကစားသမားသစ်များဖြစ်ကြသည့် အီကီတီကီနှင့် ဖရန်ပေါင်တို့၏သွင်းဂိုးများဖြင့် နှစ်ကြိမ်တိုင်တိုင် ဦးဆောင်ထားနိုင်သော်လည်း ပွဲအပြီးတွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရသည်။

ထို့နောက် ပဲလေ့စ်အသင်းကစားသမားများဖြစ်ကြသည့် အက်ဇေး၊ ဆိုဆာတို့နှစ်ဦး ပယ်နယ်တီလွဲချော်သကဲ့သို့ လီဗာပူးအသင်း တိုက်စစ်မှူးဆာလက်ချ် ပယ်နယ်တီလွဲချော်ခဲ့ပြီး မက်အလစ္စတာနှင့် အယ်လီယော့တို့၏ကန်သွင်းမှုကို ပဲလေ့စ်အသင်းဂိုးသမား ဟန်ဒါဆန်က ကာကွယ်နိုင်ခဲ့သဖြင့် လီဗာပူးအသင်းက ပယ်နယ်တီ ၃ ဂိုး-၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် ပဲလေ့စ်အသင်းအနေဖြင့်လည်း အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ကွန်မြူနတီဒိုင်းကို ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပွဲတွင် လီဗာပူးအသင်းနည်းပြ ဆလော့သည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် လေဗာကူဆင်အသင်းမှ ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ ကျော်ဖြင့် ခေါ်ယူခဲ့သော ဖလိုရီယန်ဝုစ် အပါအဝင် အသင်း၏ကစားသမားသစ်လေးဦးစလုံးကို ပွဲထွက်ကစားသမားအဖြစ် အသုံးပြုခဲ့သည်။

လီဗာပူးအသင်းခေါင်းဆောင် ဗန်ဒိုက်က "ကွန်မြူနတီဒိုင်းဗိုလ်လုပွဲမှာ ကျွန်တော်တို့ရှုံးနိမ့်ခဲ့တာကြောင့် အခုဘောလုံးရာသီအတွက် စိတ်ပျက်ဖွယ်ရာဘောလုံးရာသီအဖွင့်ပွဲစဉ်ပါ။ ဒါပေမဲ့ ကျွန်တော်တို့ လာမယ့်ပွဲစဉ်တစ်ပွဲချင်းစီကိုပဲ အာရုံစိုက်ရမှာပါ။ ပြိုင်ပွဲအားလုံးမှာ ပြင်းထန်တဲ့ဘောလုံးရာသီတစ်ခုဖြစ်လာမှာဖြစ်ပြီး အသင်းရဲ့အရည်အသွေးကို ပြသနိုင်ဖို့ အသင့်ဖြစ်နေရပါမယ်။ ရောက်လာတဲ့ကစားသမားသစ်တွေကလည်း အသင်းနဲ့ တော်တော်နေသားကျနေကြပါပြီ။ အသင်းအတွက် သူတို့ရဲ့အရည်အသွေးကိုလည်း အခုပွဲမှာ ပြသနိုင်ခဲ့ပါတယ်"ဟု ပြောသည်။

လီဗာပူးအသင်းသည် ဩဂုတ်လ ၁၆ ရက်တွင် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်အဖြစ် ဘုန်းမောက်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

**၁၂-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# လျှော်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ပြန်လည်ပြုပြင်နေမှု၊ ဥတ္တရသီရိရေလှောင်တမံအတွင်းရေဝင်ရောက်မှု၊ တမံပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် အရေးပေါ်ရေပိုလွှဲ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများဆောက်လုပ်မည့်မြေနေရာ ပြုပြင်ဆောင်ရွက်နေမှုနှင့် မြေစမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့ပတ်လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာသန့်ရှင်းသာယာလှပရေး ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းဆောင်ရွက်နေမှုနှင့်ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၂


သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၈ ရက်မှ ၁၀ ရက်အထိ** နေပြည်တော်၊ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၂၂ ဒသမ ၀၇၄၇)တန်၊ သစ်မာ (၉ ဒသမ ၄၆၉၀)တန်၊ အခြား (၃၅ ဒသမ ၁၄၀၆) တန်၊ စုစုပေါင်း (၆၆ ဒသမ ၆၈၄၃)တန်၊ ယာဉ်/ယန္တရား (၆)စီး၊ တရားခံ (၂၉)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှသိရသည်။

**မြဝတီ**

# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၁၀ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M–234 /SF – 7501ဖြင့် စင်ကာပူနိုင်ငံမှမြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၈၇၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Isuzu Giga Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် **ဩဂုတ်လ ၁၁ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် (၆)လက်မ သံပိုက်လုံး(၄၅)လုံးအပါအဝင် ဆက်စပ်ပစ္စည်း(၂၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၉၀၀၀၀၀) ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အိန္ဒိယနိုင်ငံထုတ် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ(၅၀)ဂါလန်၊ ဓာတ်ဆီ(၈၅)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၈၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၄၂၈၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ဖြူးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၁၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၁၁၆၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ်အတွင်း၌ ဖမ်းဆီးရမိခဲ့သောမော်တော်ယာဉ်များတွင် တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅၇)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၇၁၅၈၅၄၅ ကိုလည်းကောင်း၊ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၁၀၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၇၅၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၆၆၆၀၄၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၁၁ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၅)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၉)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၂၉၉၃၄၄၅)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**မြဝတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
## (၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၇၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။ |
| (ခ) | ယာဉ်မောင်း(၅)(အမျိုးသား) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁ နေရာ | အခြေခံပညာအလယ်တန်း အဆင့်ရှိပြီး"ခ"အဆင့်ယာဉ်မောင်းလိုင်စင်ရှိရမည်။ ယာဉ်ကြီး၊ ယာဉ်ငယ်များအားကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။ |
| (ဂ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဃ) | အစောင့်(အမျိုးသား) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၆ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| (င) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၈ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |

၂။ လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံး၊ ခရိုင်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်)နှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်-

- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဂ) အမှတ်စဉ်(၁)(က)လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၁၈-၉-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ ကွန်ပျူတာအခြေခံတတ်ကျွမ်းသူဖြစ်ရမည်။ ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အသက်(၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (ဃ) အမှတ်စဉ်(၁)(ခ)နှင့်(ဂ) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၁၈-၉-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (င) အမှတ်စဉ်(၁)(ဃ)နှင့်(င) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၁၈-၉-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၄၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (စ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
- (ဆ) အစိုးရဌာနတစ်ခုခု၏ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်။

- (က) လျှောက်ထားသူအမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်(အသက်)
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း/တက္ကသိုလ်
- (င) အဖအမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (စ) ဝန်ထမ်းဖြစ်လျှင်အလုပ်အကိုင်ရာထူးနှင့်ဌာန
- (ဆ) ဝန်ထမ်းမဟုတ်လျှင်အလုပ်သမားမှတ်ပုံတင်အမှတ်နှင့်မှတ်ပုံတင်သည့်ရက်စွဲ
- (ဇ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ်
- (ဈ) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

- (က) အမှတ်စဉ်(၁)(က)ပညာအရည်အချင်းအတွက်ဘွဲ့လက်မှတ်မိတ္တူနှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။) (အခြားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအောင်လက်မှတ်များရှိပါက မိတ္တူပူးတွဲတင်ပြရန်)
- (ခ) အမှတ်စဉ်(၁)(ခ)ပညာအရည်အချင်းအတွက် အခြေခံပညာအလယ်တန်းအဆင့်ကျောင်း ထောက်ခံစာမိတ္တူနှင့် "ခ"အဆင့်ယာဉ်မောင်းလိုင်စင်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (ဂ) အမှတ်စဉ်(၁)(ဂ)ပညာအရည်အချင်းအတွက် အခြေခံပညာအလယ်တန်းအဆင့်အောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊) (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (ဃ) အမှတ်စဉ်(၁)(ဃ)နှင့်(င)ထိ ပညာအရည်အချင်းအတွက်အခြေခံပညာမူလတန်းအဆင့်ကျောင်းထောက်ခံစာမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊) (ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင်မူရင်းတင်ပြနိုင်ရမည်။)
- (င) အမှတ်စဉ်(၁)(က)မှ(င)အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)
- (ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ(၁)လအတွင်းရရှိသည့် ထောက်ခံချက်မူရင်း
- (ဇ) ကျန်းမာရေးကောင်းမွန်ကြောင်းကျန်းမာရေးဦးစီးဌာန၏ဆေးထောက်ခံစာမူရင်း
- (ဈ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ
- (ည) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသောပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ(၁ ၁/၂"X ၁ ၃/၄")ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)
- (ဋ) တာဝန်ကျရာမည်သည့်ဒေသမဆိုသွားရောက်နိုင်ကြောင်းကတိပြုလွှာ
- (ဌ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသောရာထူး၊ လစာနှုန်း၊ ဌာန၊ အဖွဲ့အစည်းအမည်နှင့်ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မူရင်း

၅။ လျှောက်ထားသူများသည်လျှောက်လွှာပုံစံများအား အလုပ်သမားဝန်ကြီးဌာန Website www.mol.gov.mm နှင့် လူမှုဖူလုံရေး Website https://ssb.gov.mm တို့တွင် Download ရယူ လျှောက်ထားနိုင်သည်။

၆။ လျှောက်လွှာများကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပြီး ၁၈-၉-၂၀၂၅ ရက်နေ့ရုံးချိန်အတွင်း နောက်ဆုံးထား၍လျှောက်ထားရမည်။ သတ်မှတ်ချက်မကိုက်ညီသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၅-၉-၂၀၂၅ ရက်နေ့နှင့် ၂၆-၉-၂၀၂၅ ရက်နေ့တို့တွင် ရုံးချိန်အတွင်းထုတ်ပေးမည်။

၈။ အမှတ်စဉ်(၁)(က)လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာဘာသာရပ်၊ လူတွေ့(နှုတ်ဖြေ)စသည့် အရည်အချင်းစစ်စာမေးပွဲအားဖြေဆိုရမည်ဖြစ်သည်။

၉။ အမှတ်စဉ်(၁)(ခ)မှ(င)အထိ လျှောက်ထားသူများသည် လူတွေ့(နှုတ်ဖြေ)ဖြေဆိုရမည်ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများရှိ ကြော်ငြာသင်ပုန်းနှင့် ဝန်ကြီးဌာန Website www.mol.gov.mm နှင့် လူမှုဖူလုံရေး Website https://ssb.gov.mm တို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၁၁။ အရည်အချင်းစစ်စာမေးပွဲအစီအစဉ်-

**အငယ်တန်းစာရေးရာထူး**

- (က) ၂၇-၉-၂၀၂၅ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ အထွေထွေဗဟုသုတမေးခွန်းလွှာ၊ မွန်းလွဲ ၁၁:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ။
- (ခ) ၂၈-၉-၂၀၂၅ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း၊ မွန်းလွဲ ၁၁:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ)စစ်ဆေးခြင်း။

**ယာဉ်မောင်း(၅)၊ ရုံးအကူ၊ အစောင့်၊ သန့်ရှင်းရေးအကူ ရာထူးများအတွက်**

- (က) ၂၉-၉-၂၀၂၅ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ)စစ်ဆေးခြင်း။

၁၂။ အရည်အချင်းစာမေးပွဲကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး / ပြည်နယ်လူမှုဖူလုံရေးရုံးများနှင့် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ နေပြည်တော်၊ ၀၉-၇၉၄၄၈၂၂၇၀၊ ၀၉-၇၉၇၈၇၂၇၄၃ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**လူမှုဖူလုံရေးအဖွဲ့**
**အလုပ်သမားဝန်ကြီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတို့ဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများနှင့် ဓာတ်ခွဲဆေးပစ္စည်းများ၊ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.7.Med & Med Supplies, Reagents and Equipment(2nd)(2025-2026) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၃-၈-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၆-၈-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### လမ်းဦးစီးဌာန
### လမ်းအထူးအဖွဲ့(၁၄)

လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း(တံတားဦးစီးအပ်နှံရန်ပုံငွေ)ဖြင့်ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားချဉ်းကပ်လမ်း(ဒလဘက်ခြမ်း)တွင် အသုံးပြုရန်လိုအပ်သော Ready Mixed Concrete အား လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

ဝယ်ယူလိုသည့် Ready Mixed Concrete အရေအတွက်နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)၊ မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာရှိ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၁၈-၈-၂၀၂၅)ရက်နေ့မှစတင်၍ ဖော်ပြထားမည်ဖြစ်ပြီး ဖုန်းနံပါတ် ၀၉-၆၆၉၅၀၁၇၄၂ သို့လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | (၁၈-၈-၂၀၂၅)ရက်၊ (ရုံးချိန်အတွင်း) |
| တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန် | - | (၂၉-၈-၂၀၂၅)ရက်၊ (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်မည့်ရက်/အချိန် | - | (၂-၉-၂၀၂၅)ရက်၊ နံနက်(၁၀:၀၀)နာရီ |
| တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ | - | သန်လျင်ခရိုင်၊ သုံးခွမြို့နယ် သုံးခွမြို့ရှောင်လမ်းတည်ဆောက်ခြင်း လုပ်ငန်းခွင်ရုံး |

တင်ဒါလျှောက်လွှာပုံစံများကို လမ်းအထူးအဖွဲ့(၁၄)(ရန်ကုန်)မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာရှိ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် (၁၈-၈-၂၀၂၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)ရန်ကုန်**
**ဖုန်း-၀၉-၆၆၉၅၀၁၇၄၂**

### ပျောက်ဆုံးကြောင်း

မလီးရှောက်ကြိမ်(ဘ)ဦးကျိုင်ဟုန် ၁၃/နခန(နိုင်)၁၀၄၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၀၈၁၄၇၈၄**

### ပျောက်ဆုံးကြောင်း

အိစုစုထွန်း(ဘ)ဦးဇော်ထွန်း ၅/မရန(နိုင်)၂၂၀၅၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 263733)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၅၄၀၀၄၇**

### ဖခင်အမည်မှန်

ပျဉ်းမနားမြို့နယ်၊ ကောင်းကင်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မသူဇာမြင့်၏ဖခင်အမည်မှန်မှာ ဦးအောင်စန်းမြင့် ၉/လဝန(နိုင်)၂၀၁၆၅၈ ဖြစ်ပါကြောင်း။ **ဦးအောင်စန်းမြင့်**

### ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံခရိုင်၊ သုဝဏ္ဏဝတီမြို့၊ အ.ထ.က(သိမ်ဆိပ်)Grade-10 မှ အောင်မြင့်သူ၏ဖခင်အမည်မှန်မှာ ဦးသန်းမြင့် ၁၀/ဘလန(နိုင်)၁၄၃၂၀၄ ဖြစ်ပါကြောင်း။

**ဦးသန်းမြင့်**

### အမည်ပြောင်း

နေပြည်တော်ကောင်စီ၊ ပုဗ္ဗသီရိမြို့နယ်၊ ဘဲကုန်းကျေးရွာအုပ်စု၊ ဥဿျစ်ကုန်းကျေးရွာနေ ဦးအောင်မြင့်ကို ၉/မရတ(နိုင်)၀၀၀၄၀၆ ကိုင်ဆောင်သူ၏သမီးဖြစ်သူ မဖြိုးပြည့်ပြည့်အောင် ၉/ပဗသ(နိုင်)၀၂၉၉၀၃ ကိုင်ဆောင်သူအား မအလင်္ကာခြယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအလင်္ကာခြယ်**

### ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ လှိုင်ဈေးလမ်း၊ အမှတ်(၁၂)နေ (ဘ) ဦးရမ်ဂိုပေါ်လ်၏သား၊ ဦးသန့်ဇင် မှတ်ပုံတင်အမှတ်(၁၀/မလမ(နိုင်)၁၁၄၁၁၀) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြော်ငြာအပ်ပါသည်။

ကျွန်တော်သည် (၁)မောင်ဖြိုးဝေအောင်(၂)မောင်ပြည့်ဖြိုးအောင်(၃)မဇာဇာဝင်း(၄)မောင်သန့်ဇင်အောင်(၅)မောင်သူရအောင်(အမှတ်စဉ် ၃ မှ ၅ တို့၏ နီးစပ်ရာအုပ်ထိန်းသူမှာ ဒေါ်တင်တင်နွယ်)တို့ထံမှ (၁၅-၇-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူအိမ်နှင့်မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိလက်ရောက်ရရှိခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး အရောင်းအဝယ်ပြုခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်မာသောမူရင်းစာချုပ်စာတမ်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဦးသန့်ဇင် | ဒေါ်မေဇွန်မိုး(LL.B)(စဉ်-၁၆၅၀၂) |
| | တရားလွှတ်တော်ရှေ့နေ |
| | အမှတ်(၄၆)(၆)လမ်း၊ သီရိမြိုင်ရပ်ကွက်၊ |
| | မော်လမြိုင်မြို့။ |
| | PH:09-962780949 |

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

### ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ညောင်လေးပင်မြို့၊ဘုရားကြီးကျေးရွာနေ သက်လင်းဦး(ဘ)ဦးမြင့်ဝင်း ၇/ကတခ(နိုင်)၁၅၃၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၉၉၀၆၆၀၀


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
PYIN OO LWIN Nan Myaing 2+1 coffee
Black Coffee PYIN OO LWIN NAN MYAING 2 in 1
PYIN OO LWIN NAN MYAING PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
DOUBLE ELEPHANT PORTLAND CEMENT
PRODUCT OF MYANMAR OPC-EN 197-1:2000 CEM-I 42.5N
ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ PORTLAND CEMENT
BS 12 : 1996 , 42.5 N PRODUCT OF MYANMAR
SINCE 1986


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအိုင်းအနီး၊ ဇေယျာသီဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊ ၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

❖ ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလုံးဆိုင်ရာပြတ်တောက်မှု (Global Disruptions) များကြောင့် ဖြစ်လာနိုင်သည့် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ဒေသဆိုင်ရာစီးပွားရေးပေါင်းစပ်မှု (Regional Economic Integration) များကို လုပ်ဆောင်ရန်လို . . .

❖ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက် (Supply Chains) များကို အားကောင်းလာစေရန် ပူးပေါင်းပါဝင်ကြရမည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၀၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့မှအဖွဲ့ဝင် အမျိုးသား ၁၀၀ ဦးနှင့် အမျိုးသမီး ၄ ဦး၊ စုစုပေါင်း ၁၀၄ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် စာမျက်နှာ ၂၄ ကော်လံ ၁ ■



နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၀၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်မှုအား လက်ခံကြိုဆိုခြင်း အခမ်းအနားကျင်းပစဉ်။

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ၈ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် နောင်ချိုမြို့နယ်အတွင်း စာမျက်နှာ ၁၀ ကော်လံ ၁ ⇨



နောင်ချိုမြို့နယ် အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၂

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့၌ ဩဂုတ်လ ၁၃ ရက် **(ယနေ့)**တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)တစ်ခုဖြစ်ပေါ်နိုင်သည်ဟုခန့်မှန်းရသည်။ (မိုး/ဇလ)

## နိုင်ငံတကာသတင်း

စာ - ၂၃ သို့

**အင်္ဂလန်၌ နေ့အပူချိန်များ မြင့်တက်လာသည့်အတွက် ကျန်းမာရေးသတိပေးချက် ထုတ်ပြန်ထား**

**ရုရှားတပ်မတော်အတွက် ပြည်ပမှအဝတ်အထည်များ တင်သွင်းမှုကို ရုရှားအစိုးရတားမြစ်**

**တရုတ်နှင့်အိန္ဒိယတို့ကြား ဆက်ဆံရေးတိုးတက်မှုအဖြစ် တိုက်ရိုက်လေကြောင်းလိုင်း ပြန်လည်ပြေးဆွဲမည်**

